မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ်(၁၂၃)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်	စီးပွားရေးဦးတည်ချက် (၄) ရပ်	လူမှုရေးဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည် ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိကြဖို့လိုအပ်

“ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသလို ပြည်ထောင်စုကြီး၏နယ်မြေဒေသအစိတ်အပိုင်း တစ်ခုစီသည်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်များပင်ဖြစ်ကြောင်း၊ ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး ပေါင်းစည်း ယှက်နွယ်နေထိုင်ကြပြီး ခွဲခြား၍မရသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြဖို့ လိုအပ်”

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

[၂၈-၁-၂၀၀၃ရက်နေ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ် သင်တန်းအမှတ်စဉ်(၃၅) သင်တန်းသားသင်တန်းသူများအား မိန့်ကြားသည့် သြဝါဒစကားမှ]

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြု တည်ခင်းသော ညစာစားပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❒ “တစ်ချိန်တည်းမှာပင် ဒေသအချင်းချင်း သွေးချင်း သားချင်းများ ရေမခြား မြေမခြား တစ်သွေးတည်း တစ်သားတည်း ဖြစ်စေရေးအတွက် လမ်းတံတား အစင်းစင်းကို ပန်းများခင်းသည့်နှယ် မြန်မာနိုင်ငံ တစ်နံတစ်လျား ကွန်ရက်ဆက်စပ် ရစ်ပတ်ဖွဲ့နှောင် တည်ဆောက် ဖော်ဆောင်ပေးခဲ့။”

သီဟအောင်၏ ဆောင်းပါး (စာ-၃ နှင့် ၅)

ဘက်စုံထူးချွန်ထက်မြက်သည့်လူငယ်များဖြစ်အောင် အခြေခံကျောင်းများကစ၍ လေ့ကျင့်ပေး မျိုးဆက်သစ်လူငယ်များ စွမ်းစွမ်းတမံဆောင်ရွက်သည့်နှင့်အမျှ ပြည်ထောင်စုကြီးဖွံ့ဖြိုးလာမည် တာဝန်ကျရာဒေသ ပြည်သူများအတွင်း အတွေးအခေါ်ခံယူချက်ကောင်းမွန်အောင်ဆောင်ရွက် နယ်မြေဒေသ၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုး ဆတက်ထမ်းပိုးသယ်ပိုး

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသားသင်တန်းသူများအား ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ မြရိပ်သိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗဟိုနာယကအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးနှင့် *စာမျက်နှာ ၆ ကော်လံ ၁* ■

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုး ထာဝရသယ်ပိုး ကြက်ခြေနီကရုဏာလုပ်ငန်းများ မွန်မြတ်မြင့်မားရှင်သန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်၍အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်သစ်ကြီးကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိရာတွင် အမျိုးသားရေး အင်အားစုများ ဖြစ်သည့် တိုင်းရင်းသားပြည်သူများက ပေါက်ဖွားလာသော လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အဖွဲ့အစည်း များအားလုံး အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် ရှင်သန်ဖြစ်ထွန်းဖွံ့ဖြိုး တိုးတက်နေစေရန်အတွက် နိုင်ငံတော်က အားပေးချီးမြှောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက် ပေးလျက် ရှိသည်။

နိုင်ငံတော်၏ အမျိုးသားရေးအင်အားစုများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည်လည်း အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် သမိုင်းအစဉ်အလာကြီးမားသော အမျိုးသားရေးအသင်းကြီးဖြစ်သကဲ့သို့ ခေတ်အဆက်ဆက်တွင် ခေတ်ကာလနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို စဉ်ဆက်မပြတ် သယ်ပိုးဆောင်ရွက်ခဲ့သော မွန်မြတ်သည့် စေတနာရှင် လူမှုရေးအသင်းကြီးလည်း ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အဋ္ဌမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်း အနားကို ဇန်နဝါရီလ၂၉ရက်နေ့က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်၌ ကျင်းပရာ အခမ်း အနားသို့ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားရာ၌—

“မိမိတို့ နိုင်ငံတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကို အမျိုးသားရေးစွမ်းအားစု တစ်ရပ်အဖြစ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ တွင် တက်တက်ကြွကြွခိုင်ခိုင်မာမာဆောင်ရွက်နိုင်စေရန် အဘက်ဘက်က အားပေးဆောင်ရွက် နေခြင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကို နိုင်ငံတော်အေးချမ်း သာယာရေးအတွက် အရန်အင်အားစု အဖြစ်သတ်မှတ်ပြီး မွန်မြတ်မြင့်မားသော နိုင်ငံတော် တည်ဆောက် ထိန်းသိမ်းမြှင့်တင်ရေးဆိုသည့် အမျိုးသားရေး တာဝန်များကိုပါ ထပ်ဆင့်ပေးအပ် ခဲ့ပြီးလည်း ဖြစ်ကြောင်း”

ပြောကြားသွားသည်။

ကြက်ခြေနီလုပ်ငန်းများသည် လူသားချင်းစာနာထောက်ထားသည့် အများအကျိုးဆောင် ပရဟိတစိတ်ဓာတ်နှင့်အလေ့အထများ၊ မိရိုးဖလာအစဉ်အလာကောင်းများ ရှေးဦးမဆွကပင် တည်ရှိ ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ၌ ကြက်ခြေနီလှုပ်ရှားမှုများသည် အရှိန်အဟုန်ဖြင့် တွင်ကျယ်ဖြစ်ထွန်း လာသည့်အပြင် မြန်မာ့စရိုက်၊ မြန်မာ့ယဉ်ကျေးမှုတို့နှင့် ယှက်နွယ်ပြီး အမျိုးသားရေးဝိသေသနှင့် ပြည့်ဝသော စေတနာ့ဝန်ထမ်း လူမှုကရုဏာလုပ်ငန်းများအဖြစ် ထူးထူးခြားခြား ရှင်သန်ဖြစ်ထွန်းလာ ခဲ့သည်မှာ မျက်မှောက်ကာလတိုင်ပင် ဖြစ်သည်။

ပြည်သူများ၏ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားသည့် အမျိုးသား ကျန်းမာရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကဲ့သို့သော စေတနာရှင်လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိသည်။

အလားတူ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးကဏ္ဍများတွင်လည်း ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြသည်။ ထို့အပြင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ် တားဆီးရေး၊ အိုင်အိုဒင်းဆားတိုးမြှင့်သုံးစွဲရေး၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးလုပ်ငန်းများတွင်လည်း အခြားအဖွဲ့အစည်းများနှင့်အတူ တက်ညီလက်ညီ လက်တွဲဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များသည် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးကို ထာဝရ သယ်ပိုးရေးအတွက် အမျိုးသားရေးအသိဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများ ပိုမိုမွန်မြတ်မြင့်မား ဖွံ့ဖြိုးရှင်သန်လာမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၁-၁-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Plate Tectonics (တတိယနှစ်၊ ပထဝီဝင် အထူးပြု)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပင်လယ်ကြီးလောက် ချစ်တယ်”**(အပိုင်း-၄၀)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပညာဉာဏ်ကြီး” ဘုန်းမီးနေလ(အပိုင်း-၁၆)**

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၃၀

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း မူလတန်းကြို ကျောင်းပေါင်းစုံကာယစွမ်းရည်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ရနာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားဝင်း၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အတွင်းရှိ မူလတန်း ကြိုကျောင်း ၂၈ကျောင်းမှ ပြိုင်ပွဲဝင် မူကြို ရင်သွေးငယ် လေးများက အားကစားအခမ်းအနား ရွတ်ဆိုကြပြီး ကာယ စွမ်းရည်ပြိုင်ပွဲများဖြစ်ကြသော ရိုးရိုးအပြေးပြိုင်ပွဲ၊ အာလူး ကောက်အပြေးပြိုင်ပွဲ၊ အင်္ကျီဝတ်အပြေးပြိုင်ပွဲ၊ အရောင်ရွေး အပြေးပြိုင်ပွဲနှင့် လက်ဆင့်ကမ်း အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသော ရင်သွေးငယ်လေးများနှင့် ကာယစွမ်းရည်ပြိုင်ပွဲ ပထမ တံခွန်စိုက်ဆုရရှိသော မူလတန်းကြိုကျောင်း အမှတ်(၁)၊ ဒုတိယဆုရရှိသော မူလတန်းကြိုကျောင်း အမှတ်(၄)နှင့် တတိယဆုရရှိသော မူလတန်းကြိုကျောင်းအမှတ်(၅)တို့အား ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရ စိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် တာဝန်ရှိသူ များက အခြားဆုများကို လည်းကောင်း အသီးသီးချီးမြှင့်ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တက္ကသိုလ် First to Fifth Batchမှ ဥပဒေပညာရပ် (LL.B)ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၉ရက်က ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရာ အပူဇော်ခံဆရာ၊ ဆရာမကြီးများ အား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ငွေနှင့် ကန်တော့ပစ္စည်း များ ပေးအပ်စဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက်၉နာရီက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမတွင်ကျင်းပသည်။

အခမ်းအနားသဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးရဲဇော်(ကိုရဲဇော်)က ဆောင်ရွက်သည်။ သဘာပတိဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)နှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှု ဆောင်ဦးသန်းလှိုင် (တက္ကသိုလ်သန်း) တို့က အမှာစကားပြောကြားပြီး မြို့နယ် အမှုဆောင်ကော်မတီ အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ ဦးသက်ဆွေ(ရွှေဆောင် တင်ဆွေ)ကလည်းကောင်း၊ ငွေစာရင်း ရှင်းတမ်းကိုဒေါ်အေးအေးသိန်း(တက္ကသိုလ် အေးမြစန္ဒာ)ကလည်းကောင်း ဖတ် ကြားတင်သွင်းပြီး အများသဘောတူ အတည်ပြုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ငွေနှင့် ပစ္စည်းများ လှူဒါန်းကြရာ ရုပ်ရှင်အောင်လံမဂ္ဂဇင်း တိုက် ဦးရဲဇော်-ဒေါ်လေးလေးမိ မိသားစုက ငွေကျပ်၁၀၀၀၀နှင့် မဂ္ဂဇင်း စာအုပ်၅၀ ကိုလည်းကောင်း၊ သာလွန် စာပေတိုက် ဆရာသာလွန်က အိတ် ဆောင်ပြက္ခဒိန်အုပ်၆၀ကိုလည်းကောင်း၊ ဒေါ်ခင်ခင်မြင့်က မြန်မာတိုင်းမ်ဂျာ နယ်၃၀ကိုလည်းကောင်း ဥက္ကဋ္ဌ ဦးစိုး ဝင်း (တက္ကသိုလ်စိုးယဉ်)မှ တစ်ဆင့် ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်(၁၁) ရပ်ကွက်စိုက်ပျိုးရေးဓမ္မဗိမာန်ကျောင်း (ပဓာနနာယက)ဘဒ္ဒန္တ စန္ဒောဘာသ ဆရာတော်ကြီးအားအမှူးထား၍တပည့် ဒါယကာ၊ဒါယိကာမ အပေါင်းတို့က တတိယအကြိမ်မြောက် ဂုဏပူဇာဓမ္မ သဘင်ကိုဖေဖော်ဝါရီ ၄ရက်မှ၁၀အထိ ညစဉ်၇နာရီမှစတင်၍ နိဗ္ဗာန်ရောက် ကြောင်းတရားတော်များ ဟောကြား မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၄ ရက်တွင် ဆရာ တော် ဘဒ္ဒန္တ ကောသလ္လ (ဓမ္မစေတီ) (M.A Buddhism) က လည်း ကောင်း၊ ၅ရက်တွင် ဆရာတော် ဘဒ္ဒန္တ ခေမာဝံသက လည်းကောင်း၊ ၆ရက်တွင် ဆရာတော် ဘဒ္ဒန္တ စန္ဒော ဘာသ ကလည်းကောင်း၊ ၇ရက်တွင် ဆရာတော် ဘဒ္ဒန္တ စန္ဒာဝရက လည်း ကောင်း၊ ၈ရက်တွင် ဆရာတော် ဘဒ္ဒန္တ တေဇနိယဉာဏ (သစ္စာရွှေဂူ)က လည်းကောင်း၊ ၉ရက်တွင် ဆရာတော် ဘဒ္ဒန္တ သောဘဏက လည်းကောင်း၊ ၁၀ရက်တွင် ဆရာ တော်ဘဒ္ဒန္တ နာရဒ တို့ကလည်းကောင်း နိဗ္ဗာန်ရောက် ကြောင်း တရားတော်များ ဟောကြား မည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

မြန်မာနိုင်ငံသည် တိုင်းခုနစ်သွယ်၊ ပြည်နယ်ခုနစ်ခုဖြင့် စုဖွဲ့တည်ထောင်ထားသော ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပေသည်။ ဤပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၌ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့သည် သမိုင်းအစဉ်အဆက်ပင် အသီးတစ်ရာအညှာတစ်ခု မဏ္ဍိုင်ပြုလျက် စုစည်းညီညွတ်စွာ အေးအတူပူအမျှ အတူတကွ မှီတင်းနေထိုင်လျက်ရှိကြသည်။

သမိုင်းစဉ်ကိုကြည့်လျှင် မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်း ထောင်နှင့်ချီလျက် ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်သားချင်းသွေးချင်းများဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထိုစဉ်ကပင် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ကျရောက်လာသော အန္တရာယ်အသွယ်သွယ်ကို ကျောချင်းကပ် ရင်ချင်းအပ်၍ တွန်းလှန်တိုက်ဖျက်ကာ အမိနိုင်ငံတော်ကြီးကို ကာကွယ်ခဲ့ကြသည်။

၁၈၂၄ ခုနှစ်တွင် ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို စတင်ကျူးကျော်တိုက်ခိုက်ရာမှ စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီးနောက် ၁၈၈၅ ခုနှစ်၌ တစ်နိုင်ငံလုံး သူ့ကျွန်အဖြစ် နွံနစ်ခဲ့ရပေသည်။ သို့ရာတွင် ပတ္တမြားမှန်လျှင် နွံမှာနစ်သည့်တိုင် မညစ်ဟူသော ဆိုစကားအတိုင်း တိုင်းရင်းသား သွေးချင်းညီနောင်များသည် ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်ရှင်သန်စွာဖြင့် နယ်ချဲ့ခုခံရေးစစ်ပွဲနှင့် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်တစ်လျှောက် ဒူးမထောက် လက်မမြှောက်ဘဲ ရဲရဲတောက် ဆင်နွှဲခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျွန်သက်ရှည်စွာ စိုးမိုးခြယ်လှယ်နိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမဏ္ဍိုင်ကြီးကို သွေးခွဲအုပ်ချုပ်မှုဖြင့် ဖြိုခွဲရန် လုပ်ကြံဖန်တီးခဲ့သည်။ သို့ရာတွင် "ဒို့မိသားစု ပြည်ထောင်စု"ဟူသည့် မဏ္ဍိုင်ကြီးမယိုင်မလဲ ခိုင်မြဲလျက်တည်ရှိနေကြောင်းကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ပင်လုံမြေတွင် ညီညာဖြိုး ဖော်ထုတ်ပြသနိုင်ခဲ့ကြသည်။

တိုင်းရင်းသားညီနောင်များ၏ စည်းလုံးညီညွတ်မှုအင်အားကို အထင်အရှား တွေ့မြင်လာသော ကိုလိုနီနယ်ချဲ့တို့သည် မတတ်သာသည့်အဆုံးတွင် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ပေးအပ်ခဲ့ရသည်။ မြန်မာနိုင်ငံအား လွတ်လပ်ရေး ပေးပင်ပေးရသော်ငြား အကြံသမား ကိုလိုနီနယ်ချဲ့များသည် ၎င်းတို့၏ သြဇာခံနိုင်ငံ၊ ၎င်းတို့အား ရိုကျိုးသောလူမျိုးများအဖြစ် ဆက်လက် ရေတိမ်နစ်စေရန်အတွက် ပယောဂမျိုးစုံဖြင့် သွေးခွဲမှုအဖုံဖုံကို လုပ်ကြံဖန်တီး ထားခဲ့သည်။

ဤသို့ဖြင့် လွတ်လပ်ပြီးကာလ ထွန်းသစ်စနိုင်ငံအဖြစ် အိမ်နီးချင်းနိုင်ငံများနှင့် ပခုံးချင်းယှဉ် ရင်ပေါင်ချင်းတန်းပြီး အပြိုင်းအရိုင်း လွန့်နိုးတိုးတက်ရမည့်အစား မြန်မာ့သမိုင်းခရီးတစ်ထောက်၌ ပြည်တွင်းသောင်းကျန်းမှု စစ်မီးတောက်လောင်ခဲ့ရလေသည်။

ကိုလိုနီနယ်ချဲ့လက်အောက်၌ နှစ်ပေါင်း ၁၂၃ နှစ်ကျော် တောက်လျှောက် အဘက်ဘက်မှဖိနှိပ် ကုပ်သွေးစုပ်ခံခဲ့ရပြီး ပြည်တွင်းသောင်းကျန်းမှု စစ်မီးတောက် အောက်၌ နှစ်ပေါင်း(၄၀)ကြာမျှ ပြန်လည် နာလန်မထနိုင်ဘဲ ရှိနေစဉ်တွင် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ၁၉၈၈ ခုနှစ် တိုင်းဆူပြည်ဖျက် လုပ်ရပ်များကြောင့် အမိပြည်ထောင်စုနိုင်ငံတော်ကြီး ဗုန်းဗုန်းလဲကျ ပြိုကွဲရလုအံ့ဆဲဆဲတွင် တပ်မတော်က နိုင်ငံတော်တာဝန်များကို ပခုံးထက်တင်၍ တိုင်းရင်းသား ပြည်သူများကို ရင်ခွင်ပိုက်ပြီး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမြိုက် ဆေးကို တိုက်ကျွေးပြုစု အလုပ်အကျွေးပြုခဲ့ရပေသည်။

သမိုင်းရေးလိုအပ်ချက်အရ ဖွဲ့စည်းဖြစ်ပေါ်လာခဲ့သော တပ်မတော်အစိုးရသည် နိုင်ငံတော်အေးချမ်းတည်ငြိမ်အောင် ကာကွယ်စောင့်ရှောက်ရင်း တိုင်းရင်းသား ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ အတိတ်မှ သမိုင်းသင်ခန်းစာများကိုရယူပြီး ပကတိဘဝအခြေအနေများအပေါ် အခြေခံခဲ့ပေသည်။ အခြားနိုင်ငံများထက် ခြေလှမ်းများစွာ နောက်ကျ ကျန်ရစ်သော အနေအထားကိုတွက်ဆလျက် ပြုပြင်ပြောင်းလဲမှုအဖုံဖုံ၊ ခုန်ပျံကျော်လွှားမှု အဆင့်ဆင့်ဖြင့် ကဏ္ဍစုံကိုမြှင့်တင်ပြီး ပြည်ထောင်စုတစ်ခွင်လုံးကို ပီပြင်မှုတ သစ်လွင်လှပအောင် ဖော်ဆောင်ပေးလျက် ရှိနေလေသည်။

မြန်မာနိုင်ငံ၏ ပကတိဘဝအခြေအနေကို ပြန်ကြည့်လျှင် ကမ္ဘာ့မြေပုံပေါ်၌ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ မြောက်ဘက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်၌ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဝန်းရံ တည်ရှိနေသော မြန်မာနိုင်ငံကို တွေ့ရှိရပေမည်။ မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်းတစ်မျှော်တစ်ခေါ်၌ အိန္ဒိယ သမုဒ္ဒရာနှင့် ဆက်စပ်နေသော ဘင်္ဂလားပင်လယ်အော်ကြီးကို မြင်တွေ့နိုင်ပေသည်။

တိုင်းပြည်၏ အကျယ်အဝန်းပမာဏကို တွက်ဆကြည့်လျှင် မြန်မာနိုင်ငံ၏ မြောက်ဘက်အဖျားမှ တောင်ဘက်အစွန်ဆုံးအထိ ၁၂၇၅ မိုင် ရှည်လျားလျက် အကျယ်ပြန့်ဆုံးသောနေရာတွင် အရှေ့ယွန်းယွန်းမှ အနောက်ဘက်အစွန်းအထိ ၅၈၂ မိုင် ကျယ်ပြန့်လျက်ရှိနေသည်။ တစ်နိုင်ငံလုံး မြေဧရိယာမှာ စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ ရှိရာ လက်ရှိဦးရေ ၅၃ သန်းကျော်၏ နှစ်ဆလူဦးရေ သန်း ၁၀၀ ကျော်ပမာဏ မျှမျှတတ ဝဝလင်လင် စည်ပင်သာယာစွာ မှီတင်းနေထိုင်နိုင်အောင် ကြိုးပမ်းစွမ်းဆောင်ရမည်ဖြစ်ကြောင်း တွက်ဆ၍ရပေသည်။

မြေမျက်နှာသွင်ပြင်ကိုကြည့်လျှင် တောင်တန်းကြီး၊ ကုန်းပြင်မြင့်များနှင့် မြေနိမ့်လွင်ပြင်များ ဆက်စပ်တည်ရှိနေပြီး မြစ်လက်တက်များ သွယ်ယှက်ကာ ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်းနှင့် သံလွင်ဟူသည့် မြစ်ကြီးလေးသွယ်ထဲသို့ ပေါင်းဝင်၍ ထိုမြစ်ကြီးလေးသွယ်သည် မြောက်ဘက်မှ တောင်ဘက်ပင်လယ်အတွင်းသို့ စီးဆင်းလျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ထိုအနေအထားတွင် နိုင်ငံမြေမျက်နှာပြင်၏ ၅၇ ရာခိုင်နှုန်းမျှ ဧရိယာအားဖြင့် ၁၄၉၅၂၈ စတုရန်းမိုင်သည် သစ်တောများဖုံးလွှမ်းလျက်ရှိပြီး တစ်နိုင်ငံလုံး၌ စိုက်ပျိုးမြေဧက ၄၅ သန်းခန့်ရှိရာ ၁၉၈၈ ခုနှစ်ကာလက စိုက်ပျိုးမြေမှာ ဧက ၂၄ ဒသမ ၈ သန်းကျော်သာ ရှိခဲ့သည်။

ရာသီဥတုကိုကြည့်လျှင်လည်း ဥတ္တရာယဉ်စွန်းတန်းသည် ချင်းပြည်နယ် တီးတိန်မြို့မှ အရှေ့ဘက် ဧရာဝတီမြစ်ကမ်းပေါ်ရှိ တကောင်းမြို့နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့ အနီးဖြတ်သန်းလျက်ရှိသဖြင့် ၎င်းမြို့များ၏ မြောက်ပိုင်းဒေသသည် သမပိုင်းဇုန်တွင် ရောက်ရှိနေပြီး တောင်ပိုင်းဒေသများသည် အပူပိုင်းဇုန်အတွင်း ကျရောက် လျက်ရှိသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံအရပ်ရပ်တွင် မတူညီသည့် စိုက်ပျိုးသီးနှံများကို အပူအအေး၊ ရာသီဥတုနှင့် မိုးအနည်းအများပေါ်လိုက်၍ ကန့်သတ်ချက်ရှိထား သော မြေနေရာများ၌သာ ရွေးချယ်စိုက်ပျိုးခဲ့ရပေသည်။ မြန်မာနိုင်ငံသည် လက်ရှိအနေအထားအရ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်ပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာလည်း စိုက်ပျိုးရေးအခြေခံ ကျေးလက်ဒေသများ၌ မှီတင်းနေထိုင်ကြသူများ ဖြစ်နေသည်။

ထိုသို့ရှိစဉ် တစ်ဖက်မှ လမ်းပန်းဆက်သွယ်ရေးအနေအထားကို ကြည့်ပါက ကိုလိုနီနယ်ချဲ့ခေတ်က ၎င်းတို့၏ အုပ်ချုပ်ရေး၊ စီးပွားရေး အကျိုးအတွက်သာ ဖောက်လုပ်ခဲ့သော တစ်ကြောင်းထိုး တစ်လမ်းသွားလမ်းများက မျက်မှောက်ခေတ်၏ ဝန်နှင့်အားအရ မမျှမတဖြစ်နေကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထို့အတူ လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်ကာလများ၌လည်း မြေမျက်နှာပြင် ကန့်သတ်ချက်၊ ပြည်တွင်းသောင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ် (၃၆)မှ သင်တန်းသား သင်တန်းသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

သီဟအောင်

ကျန်းမှု ကန့်သတ်ချက်များနှင့် အခြား သော အကြောင်းအမျိုးမျိုးကြောင့် တောတောင်ထူထပ်ပြီး ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများတွင် မဆိုထားနှင့် အတွင်းပိုင်းကျသည့် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ၌ပင် ကားလမ်းခရီးဟူ၍ မည်မည်ရရမရှိဘဲ ရေကြောင်း ခရီးကိုသာ အားပြုပြီး ကူးသန်းသွားလာခဲ့ရသည်။

ယင်းသို့ မိုးလွန်လျှင် ထွန်ချ၍မရသော ဘဝ၊ ရေခြားမြေခြားအနေခြားသလို ဖြစ်နေရသော သဘာဝ၊ ကြိုးလန့်စာစားနေခဲ့ရသော အကာလနှင့် နောင်ခါလာနောင်ခါရှေးဟူ၍ သဘောထားနေကြသော သမယများကို ကျော်လွှားလွန်မြောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားကာ တည်ကြည်သော ရပ်တည်မှု၊ ကြည်လင်သော တွေးခေါ်မြော်မြင်မှု၊ ပီပြင်သော ဖော်ဆောင်မှုများဖြင့် နေ့မနားညမအား ကြိုးပမ်းအားထုတ် အလုပ်ဖြင့် သက်သေပြနိုင်ခဲ့ပေသည်။

အကြောင်းမူ နိုင်ငံတော်အကြီးအကဲ၏ မူဝါဒလမ်းညွှန်ချက်နှင့်အညီ နိုင်ငံ့ခေါင်းဆောင်များနှင့်တကွ တပ်မတော်၏ ရင်ထဲအသည်းထဲ၌ **"ဒို့မိသားစု ပြည်ထောင်စု"**ဟူသော စိတ်ဓာတ်စွမ်းအား ထွန်းကားပြန့်ပွားနေခြင်းကြောင့်ပင် ဖြစ်သည်။

တိုင်းပြည်၏ပထဝီအနေအထားအရ အကန့်အသတ်၊ အတားအဆီးများရှိနေသော်ငြား နိုင်ငံတော်အကြီးအကဲသည် ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် ဆက်လက် အခွန့်ရှည်တည်တံ့ရေးနှင့် အေးအတူပူအမျှ အတူတကွယှဉ်တွဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သားရွှေဥ မျက်ရှုကြေးမုံသဖွယ် မျက်ခြည်မပြတ် ကြည့်ရှုစောင့်ကြပ်ကာ ပြည်နယ်နှင့်တိုင်းအသီးသီးကို ပိုးလိုမွေးမြူ ရွှေလိုဥပြီး ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးခဲ့ပေသည်။

၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ် သင်တန်း အမှတ်စဉ် (၃၅) မှ သင်တန်းသားသင်တန်းသူများ လာရောက် တွေ့ဆုံဂါရဝပြုသည့် အခမ်းအနားတွင် သြဝါဒစကားမြွက်ကြားရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ တစ်စိတ်တည်း တစ်ဝမ်းတည်းထားရှိရမည့် သဘောထားနှင့်စပ်လျဉ်း၍–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း၌ တိုင်းရင်းသား လူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသလို ပြည်ထောင်စုကြီး၏ နယ်မြေ ဒေသ အစိတ်အပိုင်းတစ်ခုစီသည်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်များပင် ဖြစ်ကြောင်း၊

စာမျက်နှာ ၅ ကော်လံ ၁ သို့

တိုင်းပြည်၏ပထဝီအနေအထားအရ အကန့်အသတ်၊ အတားအဆီးများရှိနေသော်ငြား နိုင်ငံတော်အကြီးအကဲသည် ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် ဆက်လက် အခွန့်ရှည်တည်တံ့ရေးနှင့် အေးအတူပူအမျှ အတူတကွယှဉ်တွဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သားရွှေဥ မျက်ရှု ကြေးမုံသဖွယ် မျက်ခြည်မပြတ် ကြည့်ရှုစောင့်ကြပ်ကာ ပြည်နယ်နှင့်တိုင်း အသီးသီးကို ပိုးလိုမွေးမြူ ရွှေလိုဥပြီး ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးခဲ့ပေသည်။

ပုစွန် ဒေါ်လာတစ်သန်းဖိုး ဘရူနိုင်းတင်ပို့ရောင်းချ

ဘန်ဒါဆီရီဘီဂါဝမ် ဇန်နဝါရီ ၂၉

ဘရူနိုင်းနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ဟောင်ကောင်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သို့ ဒေါ်လာတစ်သန်းဖိုးခန့်ရှိသော ရေခဲရိုက်ပုစွန် မက်ထရစ်တန် ၈၀ခန့်ကို တင်ပို့ရောင်းချခဲ့သည်။

အလားအလာရှိ

ထိုသို့ ယမန်နှစ်က တင်ပို့ရောင်းချခဲ့ရကြောင်း ငါးလုပ်ငန်းဌာနက မှတ်တမ်းတင်ထားခဲ့ပြီး နှစ်စဉ်ဒေါ်လာသန်း၂၀၀ဖိုး တင်ပို့နိုင်သည့် အလားအလာရှိသည်ဟုဆိုသည်။

ထုတ်လုပ်

ယခုတင်ပို့ရောင်းချသောတန်ဖိုးတွင် ဒေါ်လာ ၁၇သန်းဖိုးသည် ပင်လယ်အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းမှ ရောင်းချရရှိသည့် ငွေပမာဏဖြစ်သည်။ ဘရူနိုင်း ပင်လယ်အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းသည် ရေခဲရိုက်ပုစွန်များအပြင် ထပ်တိုးတန်ဖိုးထုတ်ကုန်ဖြစ်သော ငါးဆုပ်လုံးများကိုလည်း ထုတ်လုပ်သည်။ **(အင်တာနက်)**

တရုတ်ကျောင်းဆရာ ဆရာမများ စိတ်ပိုင်းဆိုင်ရာ ကြွခိုင်ကျန်းမာ ပြန်ကြားရေးဌာန သတင်းစာရှင်းပွဲ၌ ပညာရေးဝန်ကြီးပြောကြား

ပေကျင်း ဇန်နဝါရီ ၂၉

တရုတ်နိုင်ငံတွင် ဆရာ ဆရာမများသည် စိတ်ဓာတ်ပိုင်းဆိုင်ရာပြဿနာ ဆိုးဆိုးရွားရွား မရှိကြဘဲ ကြံ့ခိုင်ကျန်းမာကြကြောင်း တရုတ်ပညာရေးဝန်ကြီး ကျောက်ကျီက ပေကျင်း၌ ကြာသပတေးနေ့က ပြောကြားသည်။

ရှန်ဟိုင်းရှိ ဆရာဆရာမ ၆၀ရာခိုင်နှုန်းသည် စိတ်ပိုင်းဆိုင်ရာ ပြဿနာ အနည်းငယ်ရှိကြောင်း အစောပိုင်းက ဖော်ပြခဲ့သည့် သတင်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဌာန သတင်းစာရှင်းပွဲတွင် မေးမြန်းရာ၌ ဝန်ကြီး ကျောက်ကျီက ယေဘုယျအားဖြင့် တရုတ်နိုင်ငံရှိ ဆရာ ဆရာမများသည် စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာကြကြောင်း ဖြေကြားသည်။

ဆရာ ဆရာမအချို့၌ စိတ်ပိုင်းဆိုင်ရာပြဿနာ အနည်းငယ်ရှိသည်မှန်သော်လည်း စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာစေရန်အတွက် တရုတ်နိုင်ငံသည် ကျန်းမာရေး ပညာပေးမှုကို တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း ဝန်ကြီးကျောက်ကျီက ပြောကြားသည်။

လုပ်ဆောင်မည်

ပညာရေးသည် ဆရာဆရာမများ၏ အရည်အသွေးပေါ်အမှီပြုရာ တရုတ်နိုင်ငံသည် ဆရာဆရာမများအတွက် စိတ်ပိုင်းဆိုင်ရာ ပညာရေးကို အဆင့်မြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း ဝန်ကြီးကျောက်ကျီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ထုတ်လုပ်

ဂျာမနီနိုင်ငံ ဆိုမာဒါမြို့၌ ဂျပန်နိုင်ငံ၏ ထိပ်တန်းကွန်ပျူတာ ထုတ်လုပ်သည့် ဖူဂျစ်ဆုကုမ္ပဏီ၏ နည်းပညာဖြင့် ကွန်ပျူတာအစိတ်အပိုင်းများ ထုတ်လုပ်လျက်ရှိသည်ကို ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့အမြင့်ဆုံး ရက္ခဗေဒဥယျာဉ်ဖွင့်လှစ်

ကူမင်း ဇန်နဝါရီ ၃၀

လီကျန်းတောင်ပေါ် ရက္ခဗေဒ ဥယျာဉ်ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ဘက် လီကျန်းတွင် ဖွင့်လှစ်လိုက်သည်။ ယင်းရက္ခဗေဒ ဥယျာဉ်သည် ကမ္ဘာ့အမြင့်ဆုံးရက္ခဗေဒဥယျာဉ်အဖြစ် ယုံကြည်ရသည်။

ပူးတွဲတည်ဆောက်

အဆိုပါ ရက္ခဗေဒဥယျာဉ်ကို တရုတ်နှင့် ဗြိတိန်နိုင်ငံတို့က အီဒင်ဘာဂ် ရက္ခဗေဒဥယျာဉ်နှင့် ကူမင်းစိုက်ပျိုးရေး သုတေသနဌာနတို့ ၂၀၀၀ပြည့်နှစ် မေလ၌ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်အရ ပူးတွဲတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

လီကျန်းတောင်ပေါ် ရက္ခဗေဒ ဥယျာဉ်သည် အကျယ် ၂၇၉ဟက်တာ ရှိပြီး လီကျန်းရှေးဟောင်းမြို့မှ ၂၄ ကီလိုမီတာကွာဝေးသည်။ ဟင်ဒူအန်တောင်ကုန်းဒေသနှင့် ကျင်ဟိုင်း-တိဗက်လွင်ပြင်ရှိဇီဝမျိုးကွဲများကို လေ့လာမည်ဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ် ဇီယန်ဥယျာဉ်ကြီးရှိ ရေကန်တစ်ကန်အတွင်း ကြာပန်းပုံ မီးအိမ်များဖြင့် အလှဆင်ထားသည်ကို ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။(တရုတ် လူနာနှစ်သစ်ကျရောက်သည့် နေ့မှစပြီး တစ်လကြာ မီးအိမ်ပွဲတော် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ- အင်တာနက်)**

မူးယစ်ဆေးဝါးသယ်ဆောင်သူ ၂၀ ဩစတြေးလျရဲတပ်ဖွဲ့က ဖမ်းဆီး

ကင်ဘာရာ ဇန်နဝါရီ ၂၈

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ဘစ်ဒေးတေးဂီတပွဲတော်တစ်ရပ်ကျင်းပစဉ် မူးယစ်ဆေးဝါး သယ်ဆောင်သူ စုစုပေါင်းလူ ၁၂၀ကို ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ထုတ်ပြန်

အဆိုပါ တေးဂီတပွဲတော်ကျင်းပသည့်ရက်များအတွင်း အနံ့ခံခွေးများ၏ အကူအညီဖြင့် ရှာဖွေစစ်ဆေးခဲ့ရာမှ ယင်းကဲ့သို့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းလည်း ရဲတပ်ဖွဲ့က ပြောကြားသည်ဟု ဩစတြေးလျ သတင်းပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ဖမ်းဆီးရမိသော လူ ၇၀မှာ မူးယစ်ဆေးဝါးများ ကိုယ်ခန္ဓာတွင် သယ်ဆောင်လာသူများဖြစ်ပြီး လူခြောက်ဦးနှင့် အခြားငယ်ရွယ်သူများမှာ မူးယစ်ဆေးဝါးကို လက်ခံသုံးစွဲသူများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်မှ ကန်တပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်းသင့်ပြီ ဒီမိုကရက်အမတ် ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၂၉

ပိုဆိုးလာနေသော အကြမ်းဖက်မှုကို ဟန့်တားရန်အတွက် အီရတ်မှနေ၍ အမေရိကန်ပြည်ထောင်စုသည် စစ်ရေးနှင့် နိုင်ငံရေးကို စတင်ရုပ်သိမ်းရမည်ဖြစ်ပြီး တာဝန်ရှိမှုများကို ကုလသမဂ္ဂသို့ အပြည့်အဝ လွှဲပေးရမည်ဖြစ်ကြောင်း အထက်လွှတ်တော်အမတ် အက်ဒ်ဝပ်ကနေဒီက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

တိုက်တွန်း

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံအား ကျူးကျော်မှုကို ဆန့်ကျင်ခဲ့သူ မက်ဆက်ချူးဆက်ပြည်နယ်မှ ဒီမိုကရက် အမတ်ဖြစ်သူ အက်ဒ်ဝပ်ကနေဒီသည် အီရတ်မှနေ၍ အမေရိကန်တပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်းရန် သမ္မတဂျော့ဒဗလျူဘုရှ်အား အကြံပေး တိုက်တွန်းခဲ့သည်။

ယခုသီတင်းပတ်ကုန်၌ ကျင်းပမည့် အီရတ်ရွေးကောက်ပွဲအပြီးတွင် အီရတ်၌ ပြောက်ကျားများတိုက်ခိုက်မှု တိုးလာဖွယ်ရှိကြောင်း ဥပဒေပြုအမတ်များအား ပင်တဂွန်က သတိပေးခဲ့ပြီး နောက်တစ်နေ့၌ အက်ဒ်ဝပ်ကနေဒီက ထိုသို့ အကြံပြုတိုက်တွန်းခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ**

အနှိပ်ခံသူအမျိုးသမီး အနှိပ်ခံစက်၌ ခြေထောက်ညပ်မိ မီးသတ်ကို အကူအညီတောင်းရ

ဟောင်ကောင် ဇန်နဝါရီ ၂၉

ဟောင်ကောင်ရှိ ကုန်ပဒေသာစတိုးဆိုင်ကြီးတစ်ခုတွင် အမျိုးသမီးတစ်ဦး၏ ခြေထောက်တစ်ဖက်သည် ခြေထောက်အနှိပ်ခံစက်တွင် ညပ်မိနေပြီး ထုတ်မရဘဲဖြစ်နေသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက သူမအား အနှိပ်ခံစက်မှ ကူညီဖယ်ရှားပေးခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် (၄၄)နှစ်အရွယ်ရှိ အဆိုပါအမျိုးသမီးသည် သူမ၏ ဝဲဘက်ခြေထောက် မခံမရပ်နိုင်အောင် နာကျင်မှုကြောင့် တနင်္ဂနွေနေ့၌ ခြေထောက်အနှိပ်ခံစက်၌ စမ်းသပ်အနှိပ်ခံကြည့်ရာမှ ခြေထောက်ထုတ်မရဘဲ ဖြစ်ခဲ့ရကြောင်း ရဲအဖွဲ့ပြောခွင့်ရှိသူ ထရစ်ရှ်လီအန်က ပြောကြားသည်။

ဆေးရုံပို့

မီးသတ်သမားများက ယင်းစက်ကို တစ်စစီဖြုတ်လိုက်သည့်အခါကျမှသာ အမျိုးသမီးကို အနှိပ်ခံစက်မှ ဖယ်ရှားနိုင်ခဲ့ပြီး ဆေးရုံသို့ပို့ပေးလိုက်ရသည်ဟု လီအန်က ပြောကြားသည်။

ရပ်ဆိုင်း

ထိုသို့ မတော်တဆမှုဖြစ်ခြင်းကြောင့် အဆိုပါအနှိပ်ခံစက်ထုတ်လုပ်သူသည် ထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့ရကြောင်း သတင်းစာများက ရေးသားသည်။ **အမ်အင်အေ၊အေပီ**

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းယှက်နွှယ် နေထိုင်ကြပြီး ခွဲခြား၍ မရသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးများ အချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိကြဖို့ လိုကြောင်း”

ဟူ၍ ရိုးစင်းပွင့်လင်းသော စကားလုံးများဖြင့် ကျယ်ပြန့်နက်ရှိုင်းသော အဓိပ္ပာယ်ဆောင်ကာ မိန့်ကြားခဲ့ပေသည်။

ဤဩဝါဒစကားသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်သည့် တိုင်းရင်းသားလူမျိုးများ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြရာတွင် တစ်စိတ်တဝမ်း တစ်လက်ညီ ပြည်ရေးကိုပြိုင်တူချီရမည့် အနာဂတ်အတွက် လမ်းပြရှေ့ဆောင် မီးရှူးတန်ဆောင်ပင် ဖြစ်ပေသည်။

ထို့ကြောင့်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပ်တန်းဦးစားပေးကာ ကိုလိုနီနယ်ချဲ့တို့၏ ပယောဂကြောင့် သံသယပွားနေမှုများကို မွန်မြတ်မှန်ကန်သော စေတနာတရားဖြင့် ရှင်းလင်းဖယ်ရှားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၇)ဖွဲ့ကို ဥပဒေဘောင်အတွင်း ရောက်ရှိအောင် လက်တွဲခေါ်ဆောင်နိုင်ခဲ့သည်။ တစ်ဆက်တည်းမှာပင် နယ်မြေဒေသများ ငြိမ်းချမ်းလာသည်နှင့်အမျှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးကို မြန်မာ့သမိုင်း ကဏ္ဍသစ်အဖြစ် ဖွင့်လှစ်ဖော်ဆောင်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ရင်း တစ်ပြိုင်တည်းမှာပင် ပြည့်ဝမ်းဗိုက်ပြည့်တင်းအောင် ကြံဆောင်ခဲ့ရသည်။ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံ၏ အသက်သွေးကြောသဖွယ်ဖြစ်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမြေဧရိယာတိုးချဲ့ခြင်း၊ စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်တမံနှင့် မြစ်ရေတင်စီမံကိန်းကြီးများ တည်ဆောက်ဖွင့်လှစ်ပေးခြင်း၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သော သီးထပ်ဧရိယာများ ဖော်ဆောင်ပေးခြင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံအောင် ဖော်ဆောင်စေခြင်း၊ ဘက်စုံသီးနှံစိုက်ပျိုးမှု ဖြစ်ထွန်းရေး အားပေးကူညီခြင်း စသည်ဖြင့် စိုက်ပျိုးရေးကဏ္ဍ တစ်ခေတ်ဆန်းသစ်အောင် စွမ်းဆောင်ပေးခဲ့သည်။

တစ်ချိန်တည်းမှာပင် ဒေသအချင်းချင်း သွေးချင်းသားချင်းများ ရေမခြားမြေမခြား တစ်သွေးတည်းတစ်သားတည်း ဖြစ်စေရေးအတွက် လမ်းတံတားအစင်းစင်းကို ပန်းများခင်းသည့်နှယ် မြန်မာနိုင်ငံတစ်နံတစ်လျား ကွန်ရက်ဆက်စပ် ရစ်ပတ်ဖွဲ့နှောင် တည်ဆောက် ဖော်ဆောင်ပေးခဲ့သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တစ်ခေတ်ဆန်းသစ်စေသည့်နည်းတူ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထက်ကြပ်မကွာ လိုက်ပါလှမ်းချီ ဟန်ချက်ညီအောင် ဆောင်ရွက်ပေးခဲ့သည်။ ရေချိုရေငန် ငါးပုစွန် သယံဇာတကြွယ်ဝသော နိုင်ငံဖြစ်သော်ငြား နောင်လာနောက်သားများ စားသုံးနိုင်ရန်အထိ မြော်မြင်တွက်ဆလျက် ငါးပုစွန်မျိုးပွားအောင် ကြိုးစားလုပ်ဆောင်စေခဲ့သည်။

ဤသို့ဖြင့် ရေမြေသဘာဝအခြေအနေပေးသော ပြည်နယ်နှင့် တိုင်းများတွင် ငါးမွေးမြူရေးကန်၊ ပုစွန်မွေးရေပြင်များ ယခင်ကနှင့်မတူ တစ်မူခြားနားစွာ တိုးပွားလာသည်။ ကျေးလက်ပြည်သူများ စပါးလည်းရ၊ ငါးလည်းရအောင် စပါးငါး တွဲဖက်စိုက်ပျိုးရေး အားပေးကူညီခဲ့သည်။ အနာဂတ်အရေးမျှော်တွေးပြီး ရောဝတီမြစ်ထဲသို့ ငါးမျိုးစိုက်ထည့်မှုကိုလည်း ထူးထူးခြားခြား လုပ်ဆောင်စေခဲ့သည်။

စပါးကဏ္ဍ၊ ငါးကဏ္ဍနှင့် ဆက်စပ်နေသည့် သစ်တောကဏ္ဍကိုလည်း ဟန်ချက်ညီအောင် စွမ်းဆောင်ပေးခဲ့သည်။ ရှိပြီးသော သစ်တောများ ပြုစုထိန်းသိမ်းရေးကိုသာမက သစ်တောများတိုးပွားရေး အလေးထား ဆောင်ရွက်စေခဲ့သည်။ သဘာဝကန့်သတ်ချက်ကြောင့် အပူပိုင်းဒေသဟု အမည်နာမတွင်ခဲ့ရသော မြန်မာပြည်အလယ်ပိုင်းဒေသမှ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို မဖြစ်မနေ အကောင်အထည်ဖော်စေခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိမ်းလန်းစိုပြည်ရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံကောင်းများ ဖြစ်တည်လာချိန်တွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုကဏ္ဍသစ်ဖြင့် ခေတ်မီနိုင်ငံတော်တည်ဆောက်နိုင်ရန် လမ်းဖွင့်အားပေးခဲ့ပြန်သည်။ ဤသို့ဖြင့် ယခင် ပန်းပဲဖိုသာသာ စက်မှုလက်မှုကဏ္ဍကို ကွန်ပျူတာထိန်းချုပ် အလုပ်လုပ်သည့် စက်မှုဇုန် စက်ရုံအလုပ်ရုံကြီးများ ဖြစ်နိုင်သည်အထိ အရှည်မျှော်တွေး အားပေးလုပ်ဆောင်စေခဲ့သည်။

ထိုထိုသော ကဏ္ဍသစ်များကို လမ်းပြရှေ့ဆောင် ဦးဆောင်ဖွင့်လှစ်ရာ၌ သမားရိုးကျလုပ်ကိုင်နေရသော အနေအထားနှင့် ကန့်သတ်ချက်များကို ဖယ်ရှားပြီး တိုင်းရင်းသားပြည်သူများ အကျိုးစီးပွား ဆောလျင်စွာ ခံစားရရှိနိုင်စေရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်သော အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးဗဟိုအဖွဲ့၏ လမ်းညွှန်ကြပ်မတ်မှုဖြင့် တစ်လ တံတားတစ်စင်း၊ တစ်နှစ်အတွင်း ဆည်တမံ ၁၂ ခုနှုန်းဖြင့် စွမ်းအားအပြည့်သုံး၍ ခြယ်မှုန်းပေးခဲ့ခြင်းဖြစ်ရာ ယခုအခါတွင် မြန်မာ့ပထဝီဝင်မြေပုံသစ်၌ ဆည်သစ်တမံသစ်များ၊ လယ်သစ်၊ ရွာသစ်၊ မြို့သစ်များ၊ လမ်းသစ်၊ တံတားသစ်၊ စက်ရုံသစ်များ စသည်ဖြင့် တိုးပွားစည်ပင် အလှဆင်နိုင်ခဲ့ပြီ ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်တည်ဆောက်ရေး အခြေခံအဆောက်အအုံသစ်များ ဖော်ဆောင်မှုနှင့် ပြိုင်တူပင် တိုင်းရင်းသားပြည်သူများ အတွေးသစ်၊ အမြင်သစ်ဖြင့် ပညာခေတ်၌ အားသစ်ဆင် ဉာဏ်သစ်လောင်းနိုင်ရေးအတွက်လည်း အကွက်စေ့စေ့ စနစ်တကျစီမံကိန်းချကာ ပြုစုပျိုးထောင်ပေးခဲ့သည်။

ပြည်ထောင်စုတစ်ဝန်းလုံး ပညာသင်ယူမှုအခွင့်အလမ်း တစ်ပြေးညီ ပွင့်လန်းရေးနှင့် တစ်ဆင့်မြင့် တက်လှမ်းနိုင်ရေးအတွက် အခြေခံပညာကျောင်းများမှအစ အဆင့်မြင့်ပညာကျောင်းများမကျန် တိုးချဲ့ထူထောင် ဖွင့်လှစ်ပေးခဲ့သည်။ အလှမ်းကျယ်အလယ်မလပ်စေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် လိုအပ်သောဒေသများတွင် တက္ကသိုလ်၊ ကောလိပ်များ၊ ခုတင်(၂၀၀)ဆံ့ အဆင့်မြင့်ဆေးရုံကြီးများ တိုးမြှင့်တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

ယင်းသို့ နယ်စပ်ဒေသနှင့် မြို့ပြများစည်ပင်သာယာ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးနိုင်ချိန်တွင် ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်းငါးရပ်ဖြင့် ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားဘဝ နောက်ကျမကျန်ရအောင်လည်း ထူမ မြှင့်တင် တန်းဝင်အောင် ဖော်ဆောင်ပေးခဲ့ပြန်သည်။

ဤသို့ဖြင့် တပ်မတော်အစိုးရ နိုင်ငံတော် တာဝန်ယူလာရသည့်ကာလ တွက်စစ် ၁၆ နှစ်ကျော်သို့ ချင်းနင်းဝင်ရောက်ချိန်တွင် မြန်မာနိုင်ငံသည် ဆန်စပါးထုတ်လုပ်မှု ထိပ်တန်းနိုင်ငံ တစ်နိုင်ငံပြန်ဖြစ်လာခြင်း၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်တင်ပို့မှုတွင် အာဆီယံနိုင်ငံများ၏ ဦးဆောင်မှုအခန်းကဏ္ဍသို့ ရောက်ရှိလာခြင်း၊ သစ်တောပြုစုထိန်းသိမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကောင်းသော နိုင်ငံဖြစ်လာခြင်း၊ သားစဉ်မြေးဆက် သုံးမကုန်သော သဘာဝဓာတ်ငွေ့များ အလျှံပယ်ဖော်ထုတ်ရရှိလာခြင်း၊ လျှပ်စစ်စွမ်းအားကဏ္ဍ အလားအလာကောင်းများကို ရယူအသုံးချနိုင်လာခြင်း၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတွင် အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်လာခြင်း စသည့် လာခြင်းကောင်းသော လမ်းကြောင်းမှန်ခရီးဖြင့် စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ ဦးတည်ချီတက်နိုင်နေပြီ ဖြစ်သည်။

ယင်းသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ကောင်းကျိုးချမ်းသာအဖြာဖြာ ရရှိလာခြင်းသည်–

“ပြည်နယ်၊ တိုင်း ၁၄ ခုလုံး၌ နေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်ကြရာ တစ်ဦးချမ်းသာကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာကျန်းမာအောင် လုပ်ကိုင်ဆောင်ရွက်ပေးနေကြောင်း။”

“နိုင်ငံတော်အစိုးရသည် မိဘသဖွယ် မိမိ၏ သွေးသားများဖြစ်သည့် တိုင်းရင်းသားများ ကောင်းစားရေး၊ ယင်းတို့၏ အနာဂတ်ကောင်းမွန်ရေးအတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားလုံးသည် ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်လျက်ရှိကြသည့် မြန်မာတိုင်းရင်းသားများဖြစ်ရာ မည်သည့်တိုင်းရင်းသား သားသမီးကိုမဆို သာစေနာစေဟူ၍ မရှိကြောင်း၊ သားသမီးအားလုံးကို ဆင်စီးမြင်းရံစေချင်သည်မှာ အမှန်ဖြစ်ကြောင်း။”

“မိမိနိုင်ငံ၏ အကျယ်အဝန်း၊ သယံဇာတနှင့် လူဦးရေအနေအထားအရ မိမိတို့ တိုင်းရင်းသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်နိုင်ပါက မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးသည့် ထိပ်တန်းနိုင်ငံ ဖြစ်လာနိုင်ကြောင်း”

ဟူ၍ ၂၀၀၂ ခုနှစ် ဧပြီလက ရှမ်းပြည်နယ်ခရီးစဉ်အတွင်း မိန့်ကြားခဲ့သည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ္စာတရား၌ အခြေတည်သည့် မေတ္တာစွမ်းအားရလဒ်များပင် ဖြစ်ပါကြောင်း ဖော်ညွှန်းတင်ပြလိုက်ရပေသည်။

(ဆက်လက်၍ တိုင်းခုနစ်သွယ်၊ ပြည်နယ်ခုနစ်ခုကို နိုင်ငံတော်အစိုးရက ကိုယ့်မိသားစု ပြည်ထောင်စုသဖွယ် ကျောသားရင်သားမခွဲခြားဘဲ ပြုစုပျိုးထောင်ပေးလျက်ရှိပုံများကို လေ့လာတင်ဆက်သွားမည် ဖြစ်ပါသည်)။ ။

ဆရာကန်တော့ပွဲနှင့် ဩဝါဒခံယူပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၌ ဇန်နဝါရီ၂၇ရက် နံနက်ရနာရီတွင် နိုင်ငံတော် သံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ မဟာဗောဓိ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအား ရပ်ဝေးရပ်နီးတပည့်များက (၇)ကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ဩဝါဒခံယူပွဲကို အဆိုပါ စာသင်တိုက်တွင် ကျင်းပရာ ရှေးဦးစွာ ပရိသတ်များက သဒ္ဓနောဒယ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကိုလှူဒါန်းပူဇော်ဆက်ကပ်ကြသည်။

ယင်းနောက် မဟာဗောဓိဆရာတော်ထံမှ ဩဝါဒကထာကိုနာယူပြီး ရေစက်သွန်းချ အမျှပေးဝေပြီးနောက် ဩကာသ ဝန္ဒာမိ ဘန္တေ အစရှိသည်ကို ဆရာတပည့် အလှည့်ကျရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (က–ပ)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ✻ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ✻ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ✻ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ✻ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

အလိုတော်ပြည့်ဝရက်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမွေရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ခုနှစ် ပြာသိုလပြည့်ကျော်၁၂ရက်မှ တပို့တွဲလဆန်း၆ရက်အထိ (ဖေဖော်ဝါရီ ၅ရက်မှ ဖေဖော်ဝါရီ ၁၄ရက်အထိ) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဂန္ထဝါစက ပဏ္ဍိတ ပရိယတ္တိ သာသနဟိတရေ ပုဂံ–ညောင်ဦး နယ်စပ်ဒေသ ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီးကိုယ်တိုင် ဝိပဿနာအလုပ်ပေး သတိပဋ္ဌာန်ရှုမှတ်နည်း တရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဖေဖော်ဝါရီ ၅ရက် (စနေနေ့) ညနေ၅နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်သို့ လာရောက်ကြရန်နှင့် မိမိတို့ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင် သော်လည်းကောင်း၊ဖုန်း–၀၁–၅၄၅၃၃၇၊၀၁–၅၄၈၈၆၁၊ ၀၉–၅၀–၁၄၅၀၀ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ်၈၂၇ မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နေ ဦးအောင်နိုင်–ဒေါ်စမ်းစမ်းအေး၊ သမီး အေးပြည့်စုံဖူး၊သား ကောင်းမြတ်ထက်မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်းကို အဖွဲ့ဝင်ဦးမျိုးခင်ထံပေးအပ်လှူဒါန်းစဉ်။(က–ပ)

လူညွန့်တုံးဆေး ဝေးဝေးကရှောင်

❑ သဒ္ဓါယိုဖိတ်၊ ကုသိုလ်စိတ်ဖြင့်
မမိုတ်မသုန်၊ စိတ်အာရုံပြု
လူ့ဘုံခန်းဝါ၊ သာယာစေမှု
လူတိုင်းပြုက၊ ပြုသမျှကြောင့်
ဘဝသုခ၊ လူတိုင်းရ၍
လူဖြစ်ရကျိုး၊ လူ့တန်ဖိုးကို
လူမျိုးတိုင်းရ၊ လူ့လောကသည်
လှပသာယာ၊ ငြိမ်းချမ်းပါလိမ့်။

❑ သဒ္ဓါယွင်းယို၊ ကိုယ့်အလိုသာ
ရှေးရှုကာဖြင့်၊ မေတ္တာမဲ့ကင်း
လူခပင်းကို၊ ရှိရင်းဘဝ
ဖျက်ဆီးကြပြီး၊ ဘဝရှေ့ရေး
လူ့ခွင့်ရေးတွက်၊ ဆောင်ရွက်ချက်ဟု
လှည့်ကွက်ကိုဆင်၊ ပုံသွင်လိုရာ
သွင်းနေပါက၊ လူ့ရွာတွေပျက်
လူ့အသက်များ၊ လုံးပါးပါး၍
လူသားကမ္ဘာ၊ ပျက်သုဉ်းပါလိမ့်။

❑ သဒ္ဓါမမှန်၊ လောဘထန်ပြင်း
လူသားချင်းကို၊ ကိုယ့်အလိုကျ
မရရအောင်၊ မြှူးထောင်ကျူးသွင်း
ပုံသွင်းနေသူ၊ ထိုထိုသူများ
သတိထားလော့
လူသားခွင့်ရေး၊ နာမည်မွေးကို
ရွေးချယ်ကာသုံး၊ လူညွန့်တုံးဆေး
တိုက်ကျွေးနေပုံ၊ အလုံးစုံကို
အကုန်သိမြင်၊ သတိယှဉ်လျက်
ကိုယ့်လျှင်ထိုဆေး၊ လာတိုက်ကျွေးက
ဝေးဝေးရှောင်နိုင်ကြပါစေ။ ။

ပိုးဝ

ကိုယ်ကျင့်တရား အကျင့်သိက္ခာသီလကောင်းပြီး ခေါင်းဆောင်ကောင်းဖြစ်လာရန်မျှော်မှန်းလေ့ကျင့်ပျိုးထောင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက်ပုံဖော်ဆောင်ရွက်ပေးနေ

■ ရှေ့ဖုံးမှ

အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆) သင်တန်းသားသင်တန်းသူများ လေ့လာရေးခရီးစဉ်စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် သင်တန်းကြီးကြပ်သူ ဆရာဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများချစ်ကြည်ရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးတို့အတွက် ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားနိုင်ငံရေးတာဝန်ကို ဦးလည်မသုန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ် မောင်မယ်များကို မဏ္ဍိုင်ပြုပြီး ၁၉၉၃ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

တက်ကြွစွာပူးပေါင်းပါဝင်

အသင်းကြီးသည် နိုင်ငံတော်၏ မှန်ကန်သည့်ဦးဆောင်မှုအောက်တွင် စုစည်းညီညွတ်သည့် အမျိုးသားရေးအင်အားစုကြီးတစ်ရပ်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သကဲ့သို့ အသင်းကြီး၏မှန်ကန်မွန်မြတ်သည့် ရပ်တည်ချက်၊ရည်ရွယ်ချက်လုပ်ငန်းများသည် လူငယ်ထုအတွင်း၊ ပြည်သူအတွင်း စိမ့်ဝင်ပျံ့နှံ့ပြီး လူတန်းစားအလွှာစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံက ပူးပေါင်းဆောင်ရွက်လာကြကာ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်မည့် အမျိုးသားအင်အားစုကြီးအဖြစ် အင်အားတောင့်တင်းခိုင်မာလာသည်ကို ဂုဏ်ယူအားရဖွယ်တွေ့ရမှာဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုအရှိန်အဟုန်ကောင်းနှင့်အတူ ကိုယ်တိုင်ပါဝင်ရင်း အသင်းကြီး၏ရည်ရွယ်ချက်များကို ကိုင်စွဲပြီး တိုင်းရင်းသားပြည်သူများ၏အကျိုး၊ နိုင်ငံတော်အကျိုးကို တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်ကို တိုင်းရင်းသားလူမျိုးများသည် တက္ကသိုလ်တစ်ခုထဲတွင် ခင်မင်ရင်းနှီးစွာအတူနေထိုင်၍ ပညာရှာမှီးကြပြီး ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲစေရန်၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံကောင်းများကို နားလည်သဘောပေါက်ထိန်းသိမ်းရန်၊ တိုင်းရင်းသားလူမျိုးများ၏စားဝတ်နေရေး အဆင့်အတန်းမြင့်မားစေရေးဆောင်ရွက်လိုစိတ် ထက်သန်ရန်၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် လိုအပ်သည့်ဦးဆောင်မှုစွမ်းရည် မြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်လိုစိတ် မွေးမြူပေးရန်၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် ပညာရေးဝန်ထမ်းကောင်းများမွေးထုတ်ပေးရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းလိုက်နာလိုသည့်စိတ်ဓာတ် ရှင်သန်ပွားများရန်ဆိုသည့် ရည်ရွယ်ချက်ခုနစ်ရပ်ဖြင့် တည်ထောင်ခဲ့ကြောင်း။

ပုံဖော်ဆောင်ရွက်ပေး

သင်တန်းသား သင်တန်းသူများ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားပြီး အပတ်တကုတ်ကြိုးစားအားထုတ်သည့် လူတော်များဖြစ်လာစေရန် ကိုယ်ကျင့်တရား၊ အကျင့်သိက္ခာသီလကောင်းပြီး ခေါင်းဆောင်ကောင်းဖြစ်လာရန် မျှော်မှန်းလေ့ကျင့်ပျိုးထောင်ပေးနေခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ၏စီးပွားရေးတောင့်တင်းခိုင်မာရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုနှင့်အတူ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် စီမံချက်များချမှတ်ပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသကဲ့သို့ အမျိုးသားပညာရည်မြင့်မားရေးအတွက်လည်း ပညာရေးစီမံကိန်းများချမှတ်ပြီး နယ်မြေဒေသအားလုံး အကြားအလပ်မကျန် ဆောင်ရွက်နေကြောင်း။

ပညာသင်ကြားရေးတာဝန်ကို အလေးထားဆောင်ရွက်ရာတွင် စာတတ်မြောက်ရုံသာမက စည်းကမ်းကောင်းမွန်ပြီး ပြည်သူ့နီတိကို သိရှိလိုက်နာသူများ၊ မျိုးချစ်စိတ်ဓာတ်ရှိသူများ၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသူများ၊ ကျန်းမာသန်စွမ်းပြီး ဘက်စုံထူးချွန်သည့်၊စွမ်းရည်ထက်မြက်သည့်လူငယ်များဖြစ်အောင် အခြေခံကျောင်းများကစပြီး လေ့ကျင့်ပျိုးထောင်လျက်ရှိကြောင်း၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်လာနိုင်သည်နှင့်အမျှ ပြည်ထောင်စုကြီးတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများသည် တာဝန်ကျရာဒေသများတွင် တာဝန်ထမ်းဆောင်ကြသည့်အခါ မိမိတို့ထမ်းဆောင်သည့်ဒေသ တိုင်းရင်းသားပြည်သူများအတွင်း အတွေးအခေါ်၊ ခံယူချက် ကောင်းမွန်မှန်ကန်အောင်ဆောင်ရွက်ရမှာဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် လျှောက်လှမ်းရမည့်

အမှတ်တရတံဆိပ်ပေးအပ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား အမှတ်တရတံဆိပ် ပေးအပ်စဉ်။

(သတင်းစဉ်)

အမျိုးသားရေးမူဝါဒလမ်းကြောင်းပေါ်တွင် တည့်မတ်ခိုင်မာစွာ ဖြစ်ထွန်းတိုးတက်အောင် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးဆိုသည့် အတွေးအခေါ် ခံယူချက်များ ခိုင်မာစွာဖြစ်ထွန်းနေအောင် ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သည် သူ့ကျွန်ဘဝမှာ နှစ်ပေါင်းတစ်ရာကျော်ကျရောက်ခဲ့၍ ကိုလိုနီနယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်မှုက ပေါက်ဖွားလာသည့်ဆိုးမွေများကို ချေဖျက်နိုင်အောင် တိုင်းရင်းသားလူမျိုးများအကြား သွေးချင်းသားရင်းညီအစ်ကို မောင်နှမဖြစ်ကြသော အသိအမြင်ရင့်သန်စေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး စည်းရုံးဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

မိမိတို့၏ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးနှင့် တိုင်းတစ်ပါးက အသွင်မတူ ဖီလာဆန့်ကျင်သည့် ယဉ်ကျေးမှုဓလေ့စရိုက်အယူအဆများ ထိုးဖောက်လွှမ်းမိုးမခံရရေးကို အရေးပါသောတာဝန်ဝတ္တရားအဖြစ် ခံယူဆောင်ရွက်ပြီး တိုင်းရင်းသားလူငယ်များကို ပညာသင်ကြားရင်း ငယ်စဉ်ကတည်းက ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် ခိုင်မြဲသူများဖြစ်အောင် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးဆောင်ရွက်

နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ပြည်သူများဖြစ်ကြောင်း၊ ကျေးလက်သည် နိုင်ငံတစ်နိုင်ငံတွင် အခြေခံအကျဆုံးဒေသဖြစ်သည့်အပြင် ကျေးလက်ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားများသည်လည်း အခြေခံအကျဆုံး ပြည်သူများပင်ဖြစ်ကြောင်း၊ ကျေးလက်မှ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ပြည်နယ်နှင့်တိုင်း၊ ပြည်နယ်နှင့်တိုင်းမှ ဗဟိုအဆင့်ဆင့်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသများကလည်း ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ ကျေးရွာအချင်းချင်းနှင့် ကျေးရွာနှင့်မြို့များ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ကျေးရွာများတွင် စိုက်ပျိုးရေနှင့် သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေး၊ ကျေးလက်ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပြည့်ပြည့်ဝဝရရှိပြီး ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး ကျေးလက် စီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်မီးလင်းရေးတို့ကို အသင်းကြီးသည် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဦးဆောင်ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသ စည်းရုံးရေးသည် တစ်ဆက်တစ်စပ်တည်းဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည် ကျေးလက်ပြည်သူများ၏ ပညာသင်ကြားရေး၊ လူနေမှုဘဝတိုးတက်ကြီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့လုပ်ကိုင်ပြခြင်းဖြင့် တိုင်းရင်းသားပြည်သူများကယုံကြည်လက်ခံလာပြီး ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအပေါ် ကိုယ်ပိုင်အသိတရားဖြင့် ထောက်ခံအားပေးမှုများကိုရရှိလာမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများကို စိတ်ဝင်စားစွာလေ့လာပြီး သူတို့၏လိုအင်ဆန္ဒ အခက်အခဲများကိုကူညီဖြေရှင်းပေးခြင်းသည် ရင်းနှီးယုံကြည်အားကိုးမှုများရရှိလာမည်ဖြစ်ကြောင်း၊ လက်တွေ့အကျိုးပြုလုပ်ငန်းများကို အတူပူးပေါင်းဆောင်ရွက်ရင်း ကျေးလက်ပြည်သူများကို မှန်ကန်စွာစည်းရုံးဦးဆောင်လှုပ်ရှား ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ကျရာကဏ္ဍက တက်ကြွစွာပါဝင်

ပြည်သူတို့၏လိုအပ်ချက်နှင့် အကိုက်ညီဆုံးဖြစ်သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့်အတူ ဦးတည်ချက်၊ ရည်မှန်းချက်တူ အဖွဲ့အစည်းများဖြစ်သည့် စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ ပြည်သူများနှင့်အတူဆောင်ရွက်နေခြင်းကို မောင်တို့မယ်တို့က ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

အထူးမှာကြားလိုသည်မှာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ဦးတည်ချက်(၁၂)ရပ်အောင်မြင်ရေးအတွက် အမျိုးသားရေးတာဝန်၊ ပညာရေးတာဝန်၊ ယဉ်ကျေးမှုတာဝန်၊ စာပေတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြပါ၊ တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရရှင်သန်နိုးကြားထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ တာဝန်၏အရေးပါမှုကို နားလည်သဘောပေါက်ပြီး တိုင်းရင်းသား ပြည်သူများ၏အကျိုးစီးပွားကို တာဝန်ယူလိုသည့်ခံယူချက်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တာဝန်သိသိ၊ တာဝန်ရှိရှိ ကြိုးပမ်းဆောင်ရွက်ကြပါ၊ နိုင်ငံတော်၏ပျိုးထောင်မှုနှင့် အမိတက္ကသိုလ်၏လေ့ကျင့်ပေးထားသည့် ပညာရေးဝန်ထမ်းကောင်း၊ စည်းရုံးရေးမှူးကောင်းများ၊ တည်ဆောက်ရေးမှူးကောင်းများအဖြစ် နယ်မြေဒေသ၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်ကြသည့် နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသော သားကောင်းသမီးမွန်များဖြစ်ကြပါစေဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်အားလည်းကောင်း၊ ကြီးကြပ်သူ ဆရာ၊ ဆရာမများအားလည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆) သင်တန်းသားသင်တန်းသူများအားလည်းကောင်း အမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများကိုယ်စား ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ်မှ ရှမ်းတိုင်းရင်းသူ မနန်းအိဆွေဇင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးအား ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆမ်မြို့နယ်မှ ပလောင်တိုင်းရင်းသူ မပန်းအိဖြူက အမှတ်တရအလံပေးအပ်ရာ အထွေထွေအတွင်းရေးမှူးက အမှတ်တရတံဆိပ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် အနုပညာရှင်များက ယဉ်ကျေးမှုအကပဒေသာတို့ဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူများက **'စည်းလုံးမှုမှတ်တိုင်'**နှင့် **'အမိမြေ'**တေးသီချင်းတို့ဖြင့် ပြန်လည်ဖျော်ဖြေကြသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မအူပင် စက္ကူစက်ရုံဖွင့်လှစ် စက်ရုံရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရန်ကုန် ဇန်နဝါရီ ၃၀

ဧရာဝတီတိုင်း မအူပင်ခရိုင် မအူပင်မြို့နယ် ပန်တပွတ်ကျေးရွာအနီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မအူပင်စက္ကူစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါစက္ကူစက်ရုံရှေ့၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ တိုင်းနှင့်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Yunnan Corporation မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စက်ရုံနယ်မြေတွင် ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် China Yunnan Corporation မှ ဥက္ကဋ္ဌ Mr. Guo Xiao Yong တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် စက္ကူစက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ စက္ကူစက်ရုံ စီမံကိန်းမန်နေဂျာ ဦးဇော်မင်းက ဂုန်လျှော်ပင် တစ်ပင်လုံးကို ကုန်ကြမ်းအဖြစ် အသုံးပြုကာ တန်ဖိုးမြင့်ထုတ်ကုန်စက္ကူချောများ ထုတ်လုပ်မှုအဆင့်ဆင့်ကို Flow Chart ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဂုန်လျှော်ကုန်ကြမ်းများ စုဆောင်းသိုလှောင်ထားမှု၊ ဂုန်လျှော်ကုန်ကြမ်းမှ စက္ကူအဖြူအချောများ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဂုန်လျှော်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲဖုန်းမြင့်နှင့် China Yunnan Corporation မှ တာဝန်ရှိသူများက ပြသရှင်းလင်းကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးတို့သည် ဂုန်လျှော်တစ်ပင်လုံး ကုန်ကြမ်းမှ ထုတ်လုပ်ရရှိသော စက္ကူအဖြူ ၈၀ ရာခိုင်နှုန်းရှိသည့် Myanmar Jute Based Paper စက္ကူထုပ်များ၊ ဖြတ်စအပိုများနှင့် ပြန်လည်အသုံးချ ထုတ်လုပ်သည့် မှတ်စုစာအုပ်များကိုလည်းကောင်း၊ စက်ရုံမှထုတ်လုပ်သော စက္ကူထုပ်များ သိုလှောင်မှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က စက်ရုံဖွင့်ပွဲအမှာစကားပြောကြားသည်။ တိုင်းမှူးက အမှာစကားပြောကြားရာတွင် စက္ကူစက်ရုံကို ဖွင့်လှစ်ပေးနိုင်ခဲ့၍ ဧရာဝတီတိုင်းအတွက်သာမက နိုင်ငံတော်အတွက် ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်ကြောင်း၊ စက္ကူစက်ရုံမှာ ဂုန်လျှော်အပင်လိုက်ကို ကုန်ကြမ်းအဖြစ်အသုံးပြုရသဖြင့် ဂုန်လျှော် စိုက်တောင်သူများအတွက် ရေစိမ်ခွာလှန်းခြင်းလုပ်ငန်းများ သက်သာသွားမည့်အပြင် စက္ကူထုတ်လုပ်နည်းပညာများကို ရရှိနိုင်ပြီး ဂုန်လျှော်စိုက် တောင်သူများ အကျိုးဖြစ်ထွန်းရုံ သာမက ဒေသခံ ပြည်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမှာ ဖြစ်ကြောင်း၊ မအူပင်စက္ကူစက်ရုံကိုဖွင့်လှစ်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက် (၄)ရပ်တွင် ပထမအချက်ဖြစ်သည့် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် ရပ်ရွာအေးချမ်းတည်ငြိမ်ပြီး လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရေခံ၊ မြေခံ အခြေခံကောင်းများရှိသော ဒေသဖြစ်သည့်အတွက် အချိန်တိုကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရန်အလားအလာကောင်းများ ရှိနေကြောင်း။

တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး၏ ဧရာဝတီတိုင်းအတွင်း ခရီးစဉ်တွင် ဧရာဝတီတိုင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တိုးတက်မှုရှိသော်လည်း စက်မှုကဏ္ဍ တိုးတက်ရန် လိုအပ်နေသေးကြောင်း၊ သို့ဖြစ်ပါ၍ စက်မှုကုန်ကြမ်း သယံဇာတဖြစ်သည့် ဝါးနှင့် ရော်ဘာစသည့် စက်မှုကုန်ကြမ်းများ တိုးချဲ့စိုက်ပျိုးရန်လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီတိုင်းအနေဖြင့် တိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်၍ စေတနာထား ဆောင်ရွက်ပေးနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နိုင်ငံတော်အစိုးရအား ဧရာဝတီတိုင်းသားများကိုယ်စား အထူး ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဧရာဝတီ တိုင်းသားများအနေဖြင့်လည်း 'ရိုးသားကြိုးစား ဧရာဝတီသား' ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်မှ ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များ ရာနှုန်းပြည့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စက်ရုံကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက် ထုတ်လုပ်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအပြင် သားငါးကဏ္ဍအတွက် နိုင်ငံတော်က အားထားရသည့် ဧရာဝတီတိုင်းအတွင်း စက်မှုကုန်ကြမ်းသီးနှံ ဂုန်လျှော်နှင့်စပ်လျဉ်းပြီး စက္ကူကုန်ချောအတွက် အပင်လိုက်အသုံးချထုတ်လုပ်နိုင်သည့် မအူပင်စက္ကူစက်ရုံကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်အခြေခံစက်မှုလုပ်ငန်းတစ်ရပ် ပေါ်ထွန်းလာသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ခံစားရမည်ဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဒေသခံပြည်သူများနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မအူပင် စက္ကူစက်ရုံ

မအူပင် စက္ကူစက်ရုံ၏ စာရေးစက္ကူနှင့် အော့ဖ်ဆက်စက္ကူထုတ်လုပ်မှု လုပ်ငန်းများကို ဇန်နဝါရီ ၂၉ ရက်က တွေ့မြင်ရစဉ်။

(သတင်းစဉ်)

စီးပွားရေးခိုင်မာရေး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပုံဖော်တည်ဆောက်ရာတွင် အဓိကလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံက စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးလုပ်ငန်းများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ အများစုသည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ကြပြီး အများစုမှာ စိုက်ပျိုးရေးနှင့် သက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ကြကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာအောင် စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းများနှင့် ဆက်စပ်နေသည့်စက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားလာအောင် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးတွင် အထူးအရေးပါသည့် စိုက်ပျိုးရေ ရရှိရေးအတွက်လည်း ဆည်မြောင်းတာတမံနှင့် မြစ်ရေတင်စီမံကိန်းကြီးများ ဆောင်ရွက်ပေးနေသကဲ့သို့ လယ်ယာထွက်ကုန်ပစ္စည်းများ တန်ဖိုးကို အမြင့်ဆုံးရရှိစေရန် အသေးစားစက်ရုံများ ထူထောင်ပြီး ဒေသခံတောင်သူများနှင့် စီးပွားရေး ခိုင်မာတောင့်တင်းအောင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ ဖွင့်လှစ်နိုင်ခဲ့သည့် စက်ရုံသည် ဒေသခံဂုန်လျှော်တောင်သူများနှင့် နိုင်ငံတော်၏ အကျိုးစီးပွား တိုးတက်ရေးအတွက် အထောက်အကူပြုစေမှာဖြစ်ကြောင်း၊ ဒေသခံဂုန်လျှော်တောင်သူများအနေဖြင့် ယခင်က ဂုန်လျှော်ကို ရိတ်သိမ်းပြီး သမားရိုးကျ ရေစိမ်လျှော်ခွာပြီး ရောင်းချရသည့် နည်းလမ်းတစ်ခုသာ ရှိခဲ့ရာမှ အခုအချိန်မှာ စက်ရုံလိုအပ်ချက်ဖြစ်သည့် ဂုန်လျှော်ကို အပင်လိုက် ရိတ်သိမ်းရောင်းချနိုင်သည့် အခွင့်အလမ်းတစ်ခု တိုးလာပြီဖြစ်ကြောင်း။

စက္ကူစက်ရုံတည်ရှိရာ မအူပင်မြို့နယ်သည် ဧရာဝတီတိုင်းအတွင်း ဂုန်လျှော်အများဆုံးထွက်ရှိသည့် ဒေသဖြစ်ကြောင်း၊ ဂုန်လျှော်ပင်တစ်ပင်လုံးကို အသုံးပြုပြီး အရည်အသွေးကောင်းသည့် စက္ကူများထုတ်လုပ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Yunnan Corporation မှ စက်ပစ္စည်းများ တင်သွင်းခဲ့ပြီး အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

ယခုကဲ့သို့ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံမှုများစွာကျခံပြီး အချိန်တိုတိုအတွင်း အကျိုးဖြစ်ထွန်းစေရန် စီမံကိန်းစက်ရုံကို ဆောင်ရွက်ပေးသကဲ့သို့ တစ်ဖက်ကလည်း စက်ရုံမှ ထွက်ရှိသည့် စက္ကူအရည်အသွေး ပိုမို ကောင်းမွန်ပြီး ပြည်ပဈေးကွက်မှာ တွင်တွင်ကျယ်ကျယ် ထိုးဖောက်နေရာယူသွားနိုင်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဂုန်လျှော်ကို ယခင်က သမားရိုးကျ ဂုန်နီအိတ်၊ ကြိုး၊ ဖျင်စသည့် ထုပ်ပိုးပစ္စည်းများသာ ထုတ်လုပ်ရာမှာ ကုန်ကြမ်းအဖြစ် အသုံးပြုခဲ့ကြောင်း၊ ယခုလို Non-Wood ဟုခေါ်သည့် သစ်ပင်၊ ဝါးပင်အစား ဂုန်လျှော်ကို အသုံးပြုပြီး စက္ကူထုတ်လုပ်ခြင်းအားဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်မည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုလည်း များစွာ အထောက်အကူပြုမှာ ဖြစ်ကြောင်း။

ဝိုင်းဝန်းကူညီ

ဝန်ကြီးဌာနမှ တည်ဆောက်သည့် စက်ရုံများသည် စိုက်ပျိုးထွက်ကုန်များကို အခြေပြုပြီးတည်ဆောက်ထားခြင်းဖြစ်ရာ စက်ရုံဝန်ထမ်းများအနေဖြင့် စက်ရုံပုံမှန်လည်ပတ်နိုင်အောင် ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်သွားကြရန်နှင့် ဂုန်လျှော်တောင်သူများ၏ အကျိုးကို ရှေးရှုပြီး စိုက်ဧကနှင့် အထွက်တိုးအောင်၊ လေလွင့်ဆုံးရှုံးမှုနည်းအောင်၊ စိုက်ကွင်းမှ စက်ရုံကိုရောက်အောင် ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသခံတောင်သူများနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း။

ယခု ဤစက်ရုံစီမံကိန်းကို နှစ်နှစ်တာကာလအတွင်း တပ်ဆင်ဖွင့်လှစ်နိုင်အောင် ကြီးကြပ်စီမံပေးကြသည့် အဖွဲ့အစည်းများနှင့် China Yunnan Corporation ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းမှ ဝန်ထမ်းများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အခြေခံကျသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသအလိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် China Yunnan Corporation မှ ဥက္ကဋ္ဌဖြစ်သူ Mr. Guo Xiao Yong က ကျေးဇူးတင်စကားပြောကြားပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် စက္ကူစက်ရုံရှေ့တွင် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မအူပင် စက်ရုံသည် ဂုန်လျှော်ပင်မှ စက္ကူထုတ်လုပ်ရာတွင် တစ်ရက်လျှင် မက်ထရစ်တန် ၁၇တန်၊ တစ်လလျှင် ၄၅၅ တန်၊ တစ်နှစ်လျှင် တန် ၅၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိရာ စာရေးစက္ကူတန် ၂၅၀၀ နှင့် အော့ဖ်ဆက်စက္ကူ တန် ၂၅၀၀ကို ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် ဂုန်လျှော် ကုန်ကြမ်း ပိဿာသိန်း ၉၀ လိုအပ်လျက်ရှိရာ စက်ရုံတွင် ဂုန်လျှော် ကုန်ကြမ်းပိဿာ ၉၃ သိန်းရှိကြောင်းနှင့် နှစ်အလိုက် ဂုန်လျှော် စိုက်ဧကများ တိုးချဲ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်း သဘာဝဘေးအန္တရာယ်ခံရသူများအား ကယ်ဆယ်ရေးပစ္စည်းနှင့်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၃၀

ဧရာဝတီတိုင်းအတွင်း သဘာဝဘေးအန္တရာယ်ခံရသူများသို့ ကယ်ဆယ်ရေးပစ္စည်းနှင့် လှူဒါန်းငွေ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီတွင် ပုသိမ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သဘာဝဘေးအန္တရာယ်ခံရသည့် ကျေးရွာများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြား၍ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ အကြံပေးပုဂ္ဂိုလ် ဒေါ်လှလှသိန်းတို့က ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က ကယ်ဆယ်ရေးပစ္စည်းများနှင့် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့် ပန်းလှိုင်ဂေါက်ကွင်းမှ ပေးပို့လှူဒါန်းငွေများကို အသီးသီးပေးအပ်လှူဒါန်းကြရာ ရေဘေးဒဏ်ခံရသည့် ကျေးရွာများမှ ကိုယ်စားလှယ်များက လက်ခံရယူပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ကျေးရွာကိုယ်စားလှယ်များအား လိုက်လံနှုတ်ဆက်အားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

အဆိုပါ အခမ်းအနားတွင် တစ်အိမ်ထောင်လျှင် သစ်နှစ်တန်၊ သွပ် ၂၅ ချပ်နှုန်းဖြင့် အိမ်ထောင်စု ၅၁၇ စုအတွက် သစ် ၁၀၃၄ တန်နှင့် သွပ် ၁၂၉၂၅ ချပ်၊ စောင်အထည် ၅၀၀၊ ခြင်ထောင် ၄၉၅ ထည်၊ ပဝါ ၄၉၅ ထည်၊ ကျား/မဝတ်အဝတ်အစားမျိုးစုံ ၄၀၉၄ ထည်၊ ဆေးဝါး ၅၃၁ မျိုး၊ အိမ်သုံးပစ္စည်း ၁၅၄ ခု၊ ဒန်အိုး၊ ဒယ်အိုး ၆၇၅ လုံး၊ ယောက်မ ၂၂၅ ခု၊ ဆန်၊ စားသုံးဆီနှင့် အလှူရှင်များက လှူဒါန်းငွေ ကျပ်သိန်း ၁၈၀ တို့အား ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(သတင်းစဉ်)

ဖြစ်ထွန်းရရှိနေပြီဖြစ်သည့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများပိုမိုအားထုတ်ကြိုးပမ်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြည်ထောင်စုစိတ်ဓာတ်အခြေပြု အရင်းတည် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်

❒ *ကျောဖုံးမှ*

အခမ်းအနားမစတင်မီ နံနက် ၇နာရီခွဲတွင် စုရပ်အသီးသီးမှစစ်ကြောင်းများဖြင့် စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပသည့် ကျောက်ဆည်စံပြကျေးရွာ အောင်စေတီဘုရားရှေ့မြေကွက်လပ်ရှိ သတ်မှတ်နေရာ အသီးသီး၌နေရာယူကြသည်။

အခမ်းအနားမစတင်မီ အောင်လံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား၊ ကျောင်းသူများက 'ပြည်မြန်မာသီချင်း' ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် အခမ်းအနားကို နံနက် ၈နာရီ၃၅မိနစ်တွင် စတင်ကျင်းပရာ သဘာပတိအဖြစ် သရက်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်မင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အောင်လံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်မာမာထွန်း၊ အောင်လံမြို့နယ် တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒ ဒို့တာဝန် အရေးသုံးပါးကို ချမှတ်ခဲ့ပြီး တစိုက်မတ်မတ် ထိန်းသိမ်းအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း၊ ထို့အပြင် နိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားရေး မူဝါဒများနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်လည်းရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် အကောင်အထည်ဖော် တည်ဆောက်ရာတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရနှင့် ကြီးမားသည့် အမျိုးသားစည်းလုံးညီညွတ်မှုကို ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အကောင်အထည်ဖော်နိုင်ခဲ့၍ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ် သန္ဓေတည်မွေးဖွားပေးခဲ့သောပင်လုံမြေ၊ ပင်လုံစာချုပ်ကြီး ချုပ်ဆိုခဲ့သည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ၁၂ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းဝင်မော်ကွန်းတင်ခဲ့ပြီး ပြည်ထောင်စုနေ့ အခမ်းအနားများကို အမျိုးသားနိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ကျရောက်တော့မည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် (၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊(၂)တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ကျောက်ဆည်စံပြကျေးရွာ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် ပြီးစီးအောင်မြင်သည့်အခါ မျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးသော အဘက်ဘက်က အားပေးပံ့ပိုး တည်ဆောက်ပေးနေသည့် အချိန်အခါ သမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုအပေါင်းက ဖြစ်ထွန်းရရှိနေပြီဖြစ်သည့် ဒေသတွင်း

မျိုးချစ်စိတ်

ပြည်ထောင်စု စိတ်ဓာတ် အရေးကြီးပုံနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နာယကကြီး ဗိုလ်ချုပ်မှူးကြီး အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်နိုင်နိုင်ဇော်၊ သရက်ခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးဝင်းဆွေနှင့် ကျောက်ဆည်စံပြကျေးရွာမှ ရပ်မိရပ်ဖ ဦးစိုးဟန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေါ်စန္ဒာကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူး အဖြစ် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်သဇင်အောင်ကလည်းကောင်း ဆောင်ရွက်သည်။

ချမှတ်အကောင်အထည်ဖော်

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနား တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ မကွေးတိုင်း သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်မင်းက အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်း များစွာကပင် တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြသည့် နိုင်ငံဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းတစ်ခုအတွင်းမှာပင် တိုင်းရင်းသားပေါင်းစုံ ချစ်ချစ်ခင်ခင် စုစည်းနေထိုင်လျက်ရှိကြသည့်အတွက် ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးမှာ နိုင်ငံသူနိုင်ငံသားတိုင်းက အထူးအလေးထား ထိန်းသိမ်း စောင့်ရှောက်သွားရမည့် အမျိုးသားရေးတာဝန်များ ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှ အရေးကြီးလှသော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ အတူ လက်တွဲ၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသအနှံ့ နယ်စပ်ဒေသများနှင့်ကျေးလက်တောရွာအထိ တည်ငြိမ်အေးချမ်းလုံခြုံမှုများ တိုးတက်လာသည့်အလျောက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်ခဲ့ကြောင်း။

လမ်းကြောင်းမှန်ပေါ်ရောက်ရှိ

နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှု၊ ကြောင်းကျိုးဆီလျော်သည့် ကြိုးပမ်းဆောင်ရွက်မှု၊ တိုင်းရင်းသား ပြည်သူများ၏ ညီညွတ်သောစွမ်းအားဖြင့် ပါဝင်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး အညွှန်းကိန်းများသည် လျာထား မျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်လျက် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ငြိမ်းချမ်းသာယာမှုများ လွှမ်းခြုံပြီး အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းနေခြင်းသည် အဓိကအားဖြင့် တိုင်းရင်းသား ပြည်သူများအားလုံးက အစဉ်အလာ ထွန်းကားရေး၊ (၃) ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ (၄)နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ (၅)နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ မိမိတို့ တိုင်းရင်းသား ပြည်သူအားလုံးက ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမှာ ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို သာယာဝပြောသော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် နိုင်ငံတော်သစ်ကို မလွဲမသွေရောက်ရှိမှာဖြစ်သည့်အတွက် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးအောင်မြင်စွာ ဆက်လက် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကူညီဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဝိုင်းဝန်းဖယ်ရှား

ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရေးဆိုသည့် မြန်မာပြည်သူတို့၏ လိုလားချက်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးကို ဟန့်တားနှောင့်ယှက်သော မည်သည့်အရေးကိစ္စကိုမဆို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးသတိဖြင့် ဝိုင်းဝန်းဖယ်ရှားကြရမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေး

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ကျောက်ဆည်စံပြကျေးရွာ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်စန္ဒာနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေါ်သဇင်အောင်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ကျောက်ဆည်စံပြကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ ချီတက်လာကြစဉ်။ (သတင်းစဉ်)



တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုအားထုတ် ကြိုးပမ်းဆောင်ရွက်သွားကြပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများကို ပြည်ထောင်စု စိတ်ဓာတ်အခြေပြု အရင်းတည် ဆက်လက်ထိန်းသိမ်း တည်ဆောက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစန်းလွင်က တင်ပြရာ၌ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆိုခဲ့ပြီး ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီးအဖြစ် သမိုင်းမော်ကွန်းတင်နိုင်ခဲ့သည်မှာ တိုင်းရင်းသားပြည်သူအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကြောင့်ပင်ဖြစ်ကြောင်း။

သန်းရွှေက **"ပြည်ထောင်စု စိတ်ဓာတ်ဆိုသည်မှာ အုပ်ချုပ်မှု အလံတော်တစ်ခုတည်းအောက်ရှိ နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသမှာမဆို နေထိုင်ကြသည့် ပြည်သူများအားလုံး၏ တလုံးတစည်း၊ တညီတညွတ်တည်းသော စိတ်ဓာတ်ပင် ဖြစ်ကြောင်း၊ တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး ဖွံ့ဖြိုးတိုးတက်အောင် အမျိုးစောင့်(ဝံသာနုရက္ခိတ) တရားပေါ်တွင် တည်ဆောက်ထားသည့်စိတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုး အချင်းချင်း မရှိအတူ ရှိအတူ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင် ဖြစ်ကြောင်း"** မိန့်ကြားခဲ့ကြောင်း။

တစ်မျိုးသားလုံး၏ဆန္ဒသဘောထားနှင့် နိုင်ငံ၏ပကတိအခြေအနေကို ထင်ဟပ်အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပနေခြင်းဖြစ်

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ စည်းလုံးချစ်ကြည်မှု စိတ်ဓာတ်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အသက်သွေးကြောသဖွယ် အရေးကြီးသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးသည်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် မှီခိုအားထားရာ အေးရိပ်သာကြီးဖြစ်ကြောင်း။

အမှာစကားပြောကြား

သဘာပတိ မကွေးတိုင်း သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးကြည်မင်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရဲရင့်ပြတ်သားစွာဆောင်ရွက်

ယနေ့ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ပြည်သူအားလုံးသည် ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဟူသော ကိုယ့်အားကိုယ်ကိုး သန္နိဋ္ဌာန်စိတ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု တစ်ဝန်းလုံး အကြားအလပ်မရှိ ဆူကြုံနိမ့်မြင့် မခွဲဘဲ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်အခြေခံကာ တိုင်းကျိုးပြည်ပြု လုပ်ငန်းများကို ရဲရင့်ပြတ်သားစွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးအတွက် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရက မူဝါဒလမ်းစဉ်များချမှတ်ပြီး အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အမျိုးသားရေးတာဝန် ကျေပွန်စွာ လက်တွဲညီညီ စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါစို့ဟူ၍ တင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ဆင်ပေါင်ဝဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသိန်းမြင့်က တင်ပြရာတွင် နိုင်ငံတော်၏ အတိတ်ဖြစ်စဉ်များကို သင်ခန်းစာယူ၊ ပစ္စုပ္ပန်ကာလ၏ အခြေအနေ အရပ်ရပ်ကို သတိမူ၍ အနာဂတ် နိုင်ငံတော်ကို အမှန်တကယ် အမှီအခိုကင်း လောင်းရိပ်ရှင်းပြီး မိဘပြည်သူများကသာ မိမိအရေးအရာအားလုံးကို ဆုံးဖြတ်နိုင်သည့် အခြေအနေမျိုး ရရှိလာအောင် ကြိုးစားရာ၌ ခိုင်မာသည့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးသည် အလွန်အရေးကြီးကြောင်း။

အရေးကြီးသောအခန်းကဏ္ဍ

နိုင်ငံတစ်နိုင်ငံအနေဖြင့် မည်သည့်စနစ်ကိုပင် ကျင့်သုံးသည်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၊ တစ်မျိုးသားလုံး၏ တာဝန်ဖြစ်သည့်အပြင် နိုင်ငံတော် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက်လည်း အရေးကြီးသော အခန်းကဏ္ဍက ပါဝင်လျက်ရှိတာကို တွေ့မြင်ရမှာဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ရာတွင် ပထမအဆင့်အနေဖြင့် ၁၉၉၆ခုနှစ်ကစ၍ ယာယီရပ်ဆိုင်းထားခဲ့သည့်အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ၁၇ရက်နေ့ကစတင်၍ ပြန်လည်ကျင်းပခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ အမျိုးသားရေး ပန်းတိုင်သည် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် အနာဂတ်ကာလတွင် အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းရှင်သန်လာရေးဖြစ်သကဲ့သို့ မျက်မှောက်ခေတ်က တောင်းဆိုနေသော အမျိုးသားရေး တာဝန်လည်း ဖြစ်ကြောင်း၊ ထို့ကြောင့်အမျိုးသားရေး တာဝန်အရ ယနေ့ကာလတွင် တစ်မျိုးသားလုံး၏ ဆန္ဒသဘောထားနှင့် နိုင်ငံ၏ ပကတိအခြေအနေကို ထင်ဟပ် အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အမျိုးသား ညီလာခံကြီးကို ကျင်းပနေခြင်းပင် ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင်ညီလာခံကိုယ်စားလှယ်များက တစ်မျိုးသားလုံးဆိုင်ရာ အကျိုးစီးပွားအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရာတွင် ချမှတ်ရမည့် အခြေခံမူများကို ရင်းရင်းနှီးနှီး ညှိညှိနှိုင်းနှိုင်းဖြင့် ဆွေးနွေး တင်ပြလျက်ရှိနေကြောင်း၊ အဖွဲ့အစည်းတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦး၊ လူမျိုး တစ်မျိုး၏ အရေးထက် ပြည်ထောင်စုနိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ အရေးကို ဦးစားပေး အလေးထား ဆွေးနွေးညှိနှိုင်းခဲ့ကြသဖြင့် အမျိုးသားညီလာခံ၏ အောင်မြင်မှုအတိုင်းအတာကို ပြည်သူတစ်ရပ်လုံးက လှိုက်လှဲစွာ ကြိုဆိုလျက်ရှိကြောင်း၊ ယခုအစည်းအဝေးကြီးကလည်း အင်တိုက်အားတိုက် ကြိုဆိုထောက်ခံလိုက်ပါကြောင်း။

ယခုအခါ အမျိုးသား ညီလာခံကြီးကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၇ရက်တွင် ပြန်လည် ကျင်းပတော့မှာဖြစ်၍ အနာဂတ်နိုင်ငံတော်ကြီး၏ အသက်သွေးကြောပမာ အရေးကြီးလှသည့် ခိုင်မာတောင့်တင်းပြည့်စုံသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာတော့မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားအကျိုးစီးပွားအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားညီလာခံကြီးကို အထူးဂုဏ်ပြုကြိုဆိုပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် သရက်ခရိုင်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆောင်ရွက်ရန်လျာထားချက်များကို သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးစိုးနိုင်က တင်ပြရာတွင် ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် အကောင်အထည်ဖော် တည်ဆောက်ရာ၌ နိုင်ငံတော်တစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြနှင့် ကျေးလက်ဒေသ ကွာဟမှုမရှိစေရန် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံသည် ကျေးလက်ဒေသများဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှသာ မြို့နယ်၊ခရိုင်၊ပြည်နယ်၊ တိုင်းများနှင့်တကွ ပြည်ထောင်စုကြီး တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ရလဒ်ကောင်းများဖြစ်ထွန်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးစီးဦးဆောင်ပြုဆောင်ရွက်မှုအောက်တွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများနှင့် အတူ ဒေသခံပြည်သူများကလည်း ပူးပေါင်းလက်တွဲ၍ အလေးထားကြိုးပမ်း လုပ်ဆောင်သွားကြရမှာ ဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ဦးထမ်း၊ ပဲ့ထမ်း ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်က နယ်စပ်ဒေသများနှင့်ကျေးလက်ဒေသများပါမကျန် လူမှုဘဝအဆင့်အတန်းများ တိုးတက်မြင့်မားရေးကို ကြိုးပမ်းရင်း တိုင်းရင်းသားပြည်သူအားလုံးလက်တွဲစည်းလုံးညီညွတ်သော ပြည်ထောင်စုကြီး ဖြစ်ထွန်းလာစေရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်တင်

နိဂုံးချုပ်တင်ပြလိုသည်မှာနိုင်ငံတော်က ဘက်ပေါင်းစုံ အမြော်အမြင်ကြီးစွာ စီးပွားရေးအခြေခံကောင်းများ ဖန်တီးပေးနေမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်မှုများအားလုံးကို မိမိတို့ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရင်း နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းသွားကြပါဟု တိုက်တွန်းကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍သရက်ခရိုင်အတွင်း ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေကျပ် ၂၅သိန်းကို မကွေးတိုင်း အလုပ်အမှုဆောင် သရက်ခရိုင်တာဝန်ခံ ဦးသန်းဆွေက ပေးအပ်ရာ သရက်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းကျော်က လက်ခံရယူသည်။

ထို့နောက်သရက်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ အလှူရှင်များဖြစ်ကြသည့် ဦးတိုးလုံ၊ ဦးတင်စိုး၊ ဦးအပ်ချို၊ ဦးမင်းဇော်၊ ဦးစိုးတင့်နှင့် ဦးလှသိန်းတို့က တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီဖြင့် စုစုပေါင်း တစ်သိန်းနှစ်သောင်းကို ပေးအပ်လှူဒါန်းကြရာ ခရိုင်အလုပ်အမှုဆောင် ဦးတင်အေးက လက်ခံရယူသည်။

ထောက်ခံတင်ပြ

ယင်းနောက်သရက်ခရိုင်အောင်လံမြို့နယ် ကျောက်ဆည်စံပြကျေးရွာ၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး တင်ပြချက်များနှင့် စပ်လျဉ်း၍ အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမင်းစိန်က ထောက်ခံတင်ပြသွားသည်။

အတည်ပြုဆုံးဖြတ်

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက သဘောတူညီကြောင်း တစ်ခဲနက် ဆန္ဒပြုကြသည့်အတွက် ပြည်သူလူထုကြီးက ပြည်ထောင်စုနေ့ကို အလေးအနက် ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကြိုဆိုကြောင်းတို့ကို ဤပြည်သူလူထုအစည်းအဝေးကြီးက အတည်ပြု ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက်၉နာရီ၄၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း နှင့်စပ်လျဉ်း၍ အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစန်းလွင် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

သရက်ခရိုင် အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆောင်ရွက်ရန်လျာထားချက်များကို သရက်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးနိုင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ်သုံးဦး၏တင်ပြချက်များနှင့်စပ်လျဉ်း၍ အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမင်းစိန် ထောက်ခံတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဆင်ပေါင်ဝဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသိန်းမြင့် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကြီးကို ဂုဏ်ပြု ကြိုဆို

❒ အမျိုးသားညီလာခံကြီးကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၇ရက်တွင် ပြန်လည် ကျင်းပတော့မှာဖြစ်၍ အနာဂတ်နိုင်ငံတော်ကြီး၏ အသက်သွေးကြောပမာ အရေးကြီးလှသည့် ခိုင်မာတောင့်တင်းပြည့်စုံသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာတော့မှာဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသား အကျိုးစီးပွားအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားညီလာခံကြီးကို အထူးဂုဏ်ပြုကြိုဆို။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၃၁–၁–၂၀၀၅(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဉတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၅ ၆။ အရေးပြိုင်ပွဲ
- ၈:၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၂၀ ၈။ သင်ပုန်းရေလှောင်တမံ (မန္တလေးတိုင်း)
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
- ၁၇:၀၅ ၆။ အကပဒေသာ
- ၁၇:၁၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၂၅ ၈။ **(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်**
- ၁၇:၃၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၇:၅၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
- ၁၈:၀၀ ၁၁။ Discovery
- ၁၈:၁၀ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဂူခုန်း”** (အပိုင်း–၆၃)
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၁၅ ၁၆။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၉:၃၀ ၁၇။ **(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်**
- ၁၉:၄၀ ၁၈။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ(ကချင်ပြည်နယ်)**
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သံစဉ်မဲ့ချစ်သူ”** (အပိုင်း–၃၄)
- ၂၄။ နောက်တစ်နေ့အစီအစဉ်
- ၂၅။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုကြီးကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်ဝင့်ထည်စွာ ရပ်တည်နိုင်ရေး နိုင်ငံသူ နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ်အခြေခံပြီး ကာကွယ်ထိန်းသိမ်း

* *ကျော့ဖုံးမှ*

တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၂၀တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ တောင်ကြီးခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ တောင်ကြီး ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် တောင်ကြီးခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဒေသခံကျေးရွာများမှ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံကျေးရွာများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆောင်းဖို၊ နောင်ခဲကောင်စေတီ၊ ထီခေါင်း၊ ပင်တွန်၊ ပုံဖြွန်း၊ ထီပြုန်၊ နောင်ဟိန်းကြီးနှင့် ထီပုန်းကျေးရွာများမှ ပြည်သူများ၊ ကျောက်တလုံးကြီးမြို့မှ ပြည်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

နေရာယူကြ

အခမ်းအနားမစတင်မီ နံနက်ဂနာရီမှ စတင်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပြည်သူများသည် စုရပ်အသီးသီးမှ စစ်ကြောင်းကြီးသုံးကြောင်းဖြင့် အင်အား ၂၀၀၀ကျော် အင်တိုက်အားတိုက် စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပမည့် ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းဘောလုံးကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စနစ်တကျ နေရာယူကြသည်။

အခမ်းအနားတွင်သဘာပတိအဖြစ် တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်လေးမောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တောင်ကြီးခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းရည်၊ တောင်ကြီးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးကော်မတီဝင် ဒေါ်စန်းသီတာညွန့်၊ တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးမြင့်(ငြိမ်း)နှင့် ကျောက်တလုံးကြီးမြို့မှ ရပ်မိရပ်ဖ ဦးကုဏ္ဍာသိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တောင်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်ဒေါ်နန်းရွှေကြည်ဦးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ကျောက်တလုံးကြီးမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းရီရီဝင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက စင်မြင့်ထက်၌ လွှင့်တင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်လေးမောင်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝသည့် မျိုးချစ်နိုင်ငံသားများ လိုအပ်ကြောင်း။

အမျိုးသားစည်းလုံးညီညွတ်ရေး

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးတွင် အဓိကအကျဆုံးသည် အမျိုးသားစည်းလုံးညီညွတ်ရေး ဖြစ်ကြောင်း၊ အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် တိုင်းရင်းသားပြည်သူများသည် သူတစ်လူငါတစ်မင်းဖြင့် စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ကြ၍ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရပြီး နှစ်ပေါင်းတစ်ရာကျော် ကျွန်ဖြစ်ခဲ့ကြရကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း နောက်ကျကျန်ရစ်ခဲ့ရကြောင်း။

ယခုအခါတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ခဲ့သည့်အတွက် တိုင်းရင်းသားများသည် နိုင်ငံတော်နှင့်အတူ ပူးပေါင်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နေကြပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် အမျိုးသားပညာရေး၊ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခန်းကဏ္ဍများ၌ အံ့မခန်းအောင် တိုးတက်လာနေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ အောင်မြင်မှုရရှိနေခြင်းသည်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော တိုင်းရင်းသားစည်းလုံးမှုရရှိနေ၍ပင်ဖြစ်ကြောင်း၊ ရပြီးသား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အရှည်တည်တံ့ခိုင်မြဲနေစေရန်မှာ တိုင်းရင်းသားအားလုံး၏ တာဝန်ဖြစ်သည်ဆိုသည်ကို တိုက်တွန်း ပြောကြားလိုကြောင်း။

သဘာပတိအဖွဲ့ဝင်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး ခရိုင် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့၌ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

လာမည့် ဖေဖော်ဝါရီလ ၁၇ရက်တွင် အမျိုးသားညီလာခံကြီးကို ပြန်လည်စတင် ကျင်းပတော့မည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးက ပေါ်ထွက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အဓိကမရှိမဖြစ်လိုအပ်လှကြောင်း၊ သို့မှသာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

ဤညီလာခံကြီးတွင် တိုင်းရင်းသားကိုယ်စားလှယ်များအားလုံး တက်ရောက်ပြီး ဆွေးနွေးတိုင်ပင် နှီးနှောနေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူပြည်သားအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများချမှတ်၍ ဆောင်ရွက်ပေးခဲ့ကြောင်း။

ဖွံ့ဖြိုးတိုးတက်လာခဲ့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ရန် ပြည်သူများ၏ သားသမီးများဖြင့် ဖွဲ့စည်းထူထောင်ထားသော အမျိုးသားရေး အသင်းကြီးဖြစ်သည်နှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဆွေးနွေးခဲ့၍ သိသာသော ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ အမျိုးသားစည်းလုံးညီညွတ်ရေး အခြေခံကောင်းများလည်း တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့် ပြည်သူသည် ခွဲမရကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ပြည်သူ၊ ပြည်သူသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖြစ်သည့်အတွက် အသင်းကြီးက ပူးပေါင်းဆောင်ရွက်သွားမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြရမည်ဆိုလျှင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရန်အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းပြီး ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ကြပါစို့ဟု ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့နှင့် ၁၇ ရက်တွင် ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ဂုဏ်ပြုကြိုဆိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်များကို တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်ထွေးအောင်က တင်ပြရာ၌ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော်ဖြင့် နှစ်ပရိစ္ဆေဒကြာရှည်စွာ တစ်ခုတည်းသော အမိမြေပေါ်တွင် တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်အူထုံ့ဆင်းညီအစ်ကိုမောင်နှမရင်းချာပမာ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ တစည်းတလုံးတည်း နေထိုင်ကြသည့် နိုင်ငံဖြစ်ကြောင်း၊ တိုင်းရင်းသား အချင်းချင်း ညီညီညွတ်ညွတ် စုစည်းထူထောင်ထားသောနိုင်ငံလည်း ဖြစ်ကြောင်း။

ကိုယ့်ထီးကိုယ့်နန်းဖြင့် နေထိုင်ခဲ့သည့် နိုင်ငံတော်သည် ကိုလိုနီနယ်ချဲ့တို့၏ကျူးကျော်မှုကြောင့် သူ့ကျွန်အဖြစ်ကျရောက် နစ်မွန်းခဲ့ရကြောင်း၊ သူ့ကျွန်ဘဝကျရောက်ခဲ့ရသည့်အဖြစ်ကို မခံမရပ်နိုင်ဖြစ်ကြသော မြန်မာတိုင်းရင်းသားတို့သည် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့တို့ကို တွန်းလှန်ခဲ့ကြကြောင်း။

‘စည်းလုံးညီညာ အောင်ကြောင်းဖြာ’ဟူသော စကားနှင့်အညီ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီး ပင်လုံစာချုပ်၏ အကျိုးဆက်အဖြစ် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ပြန်လည်ရရှိခဲ့ကြောင်း။

ယနေ့ မြန်မာနိုင်ငံတော်တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခင်က တောတွင်းကို ရောက်ရှိခဲ့သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ငြိမ်းချမ်းရေးရယူကာ ၎င်းတို့၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကာ ညီညီညွတ်ညွတ် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ယခင်က မငြိမ်းချမ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ဒေသများတွင် ယခုအခါ ငြိမ်းချမ်းတည်ငြိမ်မှုရရှိကာ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၎င်းတို့သည် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကြောင့် ရရှိသော အကျိုးရလဒ်များပင်ဖြစ်သည်ဟု ဆိုချင်ကြောင်း။

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်း အခမ်းအနားကို ရှမ်း ပြည် နယ် (တောင် ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီး မြို့၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် တောင်ကြီး မြို့ နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းရွှေကြည်ဦးက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ကျောက်တလုံးကြီးမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်း ရီရီဝင်းက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ကာကွယ်ထိန်းသိမ်းစောင့်ရှောက်

ယင်းသို့သော အခြေအနေ၊ အချိန်အခါကောင်းတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအနေဖြင့် မကြာမီ ကျရောက်တော့မည့် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို အလေးအနက် နှလုံးသွင်းပြီး ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် မကြုံစဖူးထူးကဲစွာ ရရှိပြီးသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို နိုင်ငံသူ နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံယူ၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားရန် အလေးအနက်တိုက်တွန်းကြောင်းဖြင့်တင်ပြသွားသည်။

စာမျက်နှာ ၁၁ သို့

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျောက်တလုံးမြို့၌ ကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ထို့နောက် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးအောင်နိုင်ထွန်းက တင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်သည့် အခြေခံအကျဆုံး လိုအပ်ချက်တစ်ခု ဖြစ်ကြောင်း၊ လွတ်လပ်သော နိုင်ငံတော်၏ အသက်သွေးကြောဖြစ်ကြောင်း၊ ပြည်သူလူထု၏ အားကိုးရာလည်းဖြစ်ကြောင်း။

အသေးစိတ်ရေးဆွဲ

ယနေ့ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးသည် မြန်မာ့သမိုင်းကြောင်းတွင် အထူးခြားဆုံးဖြစ်ကြောင်း၊ ညီလာခံ၌တက်ရောက်ဆွေးနွေးကြသော ကိုယ်စားလှယ်များသည် အလွှာပေါင်းစုံမှပါဝင်နေကြောင်း၊ ပိုမိုထူးခြားသည်မှာ နှစ်ပေါင်း ၅၀ ကျော်ကြာအောင် တောတွင်းရောက်နေကြသူများပါ ဥပဒေဘောင်အတွင်းရောက်ရှိပြီး အမျိုးသားညီလာခံကို တက်ရောက်နေကြခြင်းပင်ဖြစ်ကြောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ခြင်း၏အနှစ်သာရများပင်ဖြစ်ကြောင်း၊ ပြန်လည်ကျင်းပနေသည့် အမျိုးသားညီလာခံကြီးတွင် မြန်မာနိုင်ငံအနှံ့အပြားမှ အလွှာပေါင်းစုံမှ၊ လူမျိုးပေါင်းစုံမှ ရွေးချယ်စေလွှတ်လိုက်သော ညီလာခံကိုယ်စားလှယ်များသည် မိမိတို့အနာဂတ်မြန်မာနိုင်ငံတော်အတွက် အခြေခံမူများကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ အသေးစိတ်စဉ်းစားရေးဆွဲလျက်ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် မကြာမီပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုနေ့ဂုဏ်ပြုတင်ပြချက်များကို တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်ထွေးအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးအောင်နိုင်ထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သမိုင်းပေးတာဝန်

ဆက်လက်၍ တောင်ကြီးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ တောင်ကြီးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်သန္တာဦးကတင်ပြရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေးအတွက် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ပြည်ပအကူအညီမပါဘဲ ကိုယ့်အားကိုယ်ကိုးရပ်တည်ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိနိုင်ငံတော်၊ မိမိပြည်ထောင်စုအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံကနေ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ဦးတည်ချက်၊ ရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်စေရန်သည် နိုင်ငံသူနိုင်ငံသားများ၏ တာဝန်၊ အထူးသဖြင့် မိမိတို့အသင်းဝင်များအားလုံး ဆောင်ရွက်ရမည့် သမိုင်းပေးတာဝန်တစ်ခုဖြစ်ကြောင်း။

ဗဟိုအသင်းကြီးကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အသင်းအဆင့်ဆင့်က အကောင်အထည်ဖော် ဆောင်ရွက်ရန် ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ပေးမှုများကိုလည်း အသင်းအဆင့်ဆင့်ကအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကူညီဖြည့်ဆည်း

နိုင်ငံတော်၏ လူဦးရေ ၆၅ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်နှင့် မြို့ပြ ကွာဟမှုမရှိအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုချမှတ်ပြီး စွမ်းအားရှိသရွေ့ အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းကြောင့် ဒေသခံတိုင်းရင်းသားများ၏ ယုံကြည်လက်ခံမှုပိုမိုရရှိလာပြီး အသင်းကြီး၏လုပ်ငန်းစဉ်များအပေါ်တွင် ကိုယ်ပိုင်အသိတရားဖြင့် ထောက်ခံအားပေးမှုများလည်းရရှိလာပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း မိမိတို့အသင်းဝင်များအားလုံးက ကျေးလက်နေပြည်သူလူထု၏ လိုအင်ဆန္ဒ အခက်အခဲများကို တတ်နိုင်သရွေ့ ကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

သဘာပတိ တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်လေးမောင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး မိမိတို့ တောင်ကြီးခရိုင်အတွင်း၌ ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း အသင်းအဆင့်ဆင့်က ဆောင်ရွက်ပြီးစီးသွားသော လုပ်ငန်းများကို အနည်းငယ်တင်ပြလိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ခရိုင်အတွင်း၌ ကျေးလက်လမ်းအနေဖြင့် ကျောက်ချောလမ်းအရှည် ၅၅ မိုင်၊ ကျောက်ကြမ်းလမ်းအရှည်မိုင် ၄၀၊ မြေသားလမ်းအရှည် ၆၂ မိုင်နှင့် ဆိုက်ခေါင်–နမ့်စန်ရထားလမ်းပေါ်မှ တံတားသုံးစင်းအပြင် တံတားငယ် ၁၀ စင်းတို့ကို ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

ခရိုင်အတွင်း ကျေးလက်ရေရရှိရေးအနေဖြင့် သောက်သုံးရေသွယ်ယူမှုလုပ်ငန်း ၁၂ ခု၊ မြေအောက်ရေတူးဖော်ရေးလုပ်ငန်းကိုးခုအပြင် ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာ သောက်သုံးရေကန်တာတမံကို တိုးချဲ့တူးဖော်ခြင်း၊ ဟဲဟိုးမြို့နေ ပြည်သူများအတွက် သောက်သုံးရေစနစ်တကျရရှိစေရေးအတွက် ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့တွင် တစ်ဖက်ပိတ်ဆည် တည်ဆောက်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ကျေးလက်ဆေးပေးခန်း ၁၁ ခုကို ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် အသင်းဝင်များက ဇီဝိတဒါနသွေးပုလင်းပေါင်း ၄၇၂ ပုလင်းလှူဒါန်းခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အခမဲ့ နယ်လှည့်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တောင်ကြီးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်သန္တာဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ကျောက်တလုံးကြီးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခွန်မောင်လာ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အင်တိုက်အားတိုက်ပါဝင်

ကျေးလက်ပညာရေးကဏ္ဍတွင်လည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်း၊ ကျောင်းဥပဓိရုပ်များကောင်းစေရေးအတွက် ပြုပြင်မွမ်းမံပေးခြင်း၊ ကျောင်းသုံးပရိဘောဂပစ္စည်းများလှူဒါန်းပေးခြင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်းခြင်း၊ ကျောင်းဝတ်စုံများထောက်ပံ့လှူဒါန်းခြင်း၊ ပညာရေးထောက်ပံ့ကြေးများပေးအပ်ခြင်း၊ စေတနာမူလတန်းကျောင်းခြောက်ကျောင်းမှ ဆရာမခြောက်ဦးတို့အား လစဉ်ငွေကျပ် ၂၁၀၀၀ ထောက်ပံ့ခြင်း၊ ကျောက်တလုံးအထက Learning Center အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ် ၂၀၀ လှူဒါန်းခြင်း၊ Multi Media Classroom များအတွက် လိုအပ်သည့်ဆက်စပ်ပစ္စည်းများနှင့် နည်းပညာများ ကူညီဆောင်ရွက်ပေးခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် စာသင်ဝိုင်း၊ စာဖတ်ဝိုင်းများ ဖွင့်လှစ်သင်ကြားပို့ချပေးခြင်း၊ ကျောင်းနေရွယ်ကလေးများ ကျောင်းနေနိုင်ရေး စီမံချက်တွင် ပါဝင်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများတွင် အသင်းဝင်များက တက်ကြွစွာ အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြကြောင်း။

ကျေးလက်မီးလင်းရေးလုပ်ငန်းများအနေဖြင့် ကျေးရွာပေါင်း ၅၁ ရွာ၌ ရေအားလျှပ်စစ် ၅၈ ခုကို အောင်မြင်စွာတပ်ဆင်ပေးနိုင်ခဲ့ပြီး မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်ပေးနိုင်မှုများသည် မိမိတို့ အသင်းဝင်များအားလုံး၏ဦးတည်ချက်၊ ရည်မှန်းချက်များ ခိုင်မာယုံကြည်ပြီး စည်းလုံးညီညွတ်စွာ အားကြိုးမာန်တက် ဆောင်ရွက်နိုင်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်

နိဂုံးချုပ်အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့အသင်းကြီးမှ အသင်းဝင်မှန်သမျှ ပြည်သူများနှင့်အတူ လက်တွဲ၍ အသင်းကြီး၏အခြေခံစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ညီညွတ်စွာဖြင့် နိုင်ငံတော်အတွက် ချမှတ်ထားသော ဦးတည်ချက်များကို မသွေမဖည်ဖော်ဆောင်ကာ အရှိန်အဟုန်ကောင်းမွန်စွာဖြင့် ဆတက်ထမ်းပိုးထမ်းဆောင်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့အသင်းအဆင့်ဆင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရင်း အသင်းကြီး၏ရှေ့လုပ်ငန်းစဉ် အောင်မြင်စေရန် ပြည်သူများ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ဒေသစည်းရုံးရေးကိုပါ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။

ဝင့်ကြွားဂုဏ်ယူ

ထို့နောက် အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦးတို့တင်ပြသွားသော ပြည်ထောင်စုနေ့ဂုဏ်ပြုတင်ပြချက်၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ တင်ပြချက်နှင့် တောင်ကြီးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် ကျောက်တလုံးကြီးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးခွန်မောင်လာက ထောက်ခံဆွေးနွေးရာတွင် မြန်မာနိုင်ငံတော်ကြီးအတွက် ပြည်ထောင်စုစိတ်ဓာတ်သည် အရေးကြီးကြောင်း မိမိတို့လက်ခံယုံကြည်ထားကြရမည်ဖြစ်ကြောင်း၊ သမိုင်းအစဉ်အဆက်ကတည်းက မိမိတို့၏ဘိုးဘွားဘီဘင်များအရေးကြီးသည့်အခါတိုင်း သွေးချင်းနီးခဲ့ကြသည်ကိုလည်း သမိုင်း၌အထင်အရှားတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့သည် ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသူများဖြစ်ကြကြောင်း။

တိုင်းရင်းသားသွေးစည်းညီညွတ်မှု ခိုင်မာတောင့်တင်းခဲ့ကြ၍ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်တို့ကို ထူထောင်နိုင်ခဲ့ပြီး ကမ္ဘာ၌ မြန်မာဟေ့ရယ်ဟု ဝင့်ကြွားဂုဏ်ယူခဲ့ကြကြောင်း၊ ဘုန်းမီးနေလ တောက်ပခဲ့ကြကြောင်း။

ထို့ကြောင့် ကမ္ဘာတည်သရွေ့ မြန်မာတည်နေရန် အချုပ်အခြာအာဏာ ခိုင်မြဲနေရန် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းစောင့်ရှောက်သွားကြမည်ဆိုသည့်အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံတင်ပြလိုကြောင်း။

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဓိကအကျဆုံးလိုအပ်ချက်ဖြစ်ကြောင်း။

အစကောင်းမှ အနှောင်းသေချာဆိုသည့် စကားအရ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပျော့ကွက် ဟာကွက်များကြောင့် နာကြည်းဖွယ်အတိတ်သမိုင်းကို မိမိတို့တွေ့ကြုံခံစားပြီးခဲ့ကြပြီ ဖြစ်ကြောင်း၊ ယင်းကဲ့သို့ နောက်တစ်ကြိမ်မကြုံတွေ့အောင် ဖြေရှင်းပေးနိုင်သည်က ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးပင်ဖြစ်ကြောင်း။

ကြိုဆိုထောက်ခံ

မိမိတို့နိုင်ငံ၏ ရေ၊မြေ၊သဘာဝ၊ယဉ်ကျေးမှုကိုအခြေခံပြီး မိမိပြည်သူပြည်သားများက မိမိတိုင်းပြည်အတွက်ရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာစေရန် နိုင်ငံတစ်ဝန်းလုံးက ကိုယ်စားလှယ်များက တိုင်ပင်နှီးနှောရေးဆွဲနေကြသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံတင်ပြချက်အပေါ်၌ မိမိတို့အနေဖြင့်လည်း ထပ်တူညီမျှ ကြိုဆိုထောက်ခံပါကြောင်းကို တင်ပြလိုကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သတ်ပြီး မိမိတို့ဒေသ၌အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ကျန်ပြည်နယ်နှင့်တိုင်းများ၌လည်း ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရကြောင်း၊ မကြာမီတွင် ဆောင်ရွက်အကောင်အထည်ဖော်မည့်ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းအစီအစဉ်များကို သိရှိရသည့်အတွက် များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းကို ဒေသခံပြည်သူများကိုယ်စား ပြောကြားလိုကြောင်း။

မကြာတော့သည့် ကာလတစ်ခုတွင် ဖြစ်ပေါ်လာမည့် အနာဂတ်မြန်မာနိုင်ငံတော်၏ ဖြစ်တည်မှုအခြေအနေ၊ ရှေ့ဆက်လျှောက်လှမ်းရမည့် ခရီးကိုမျှော်တွေးပြီး ဝမ်းသာပီတိဖြစ်ရပါကြောင်းကိုပြောကြားရင်း တင်ပြသွားသော အဆိုသုံးရပ်ကို လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထု၏ဆန္ဒသဘောထားအရ သဘောတူကြောင်း တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုအားလုံးက အလေးအနက်ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထု အားလုံးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို ပြည်သူလူထုအားလုံးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသဆောင်ရွက်ချက်များကို ပြည်သူလူထုအားလုံးက ကြိုဆိုထောက်ခံကြောင်းတို့ကို ဤအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် မျိုးဆက်သစ် ကျောင်းသားကျောင်းသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက **'ရာသက်ပန်ပြည်ထောင်စု'** တေးသီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ခြင်း၏အနှစ်သာရများ

ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးသည် မြန်မာ့သမိုင်းကြောင်းတွင် အထူးခြားဆုံးဖြစ်၊ ညီလာခံ၌တက်ရောက်ဆွေးနွေးကြသော ကိုယ်စားလှယ်များသည် အလွှာပေါင်းစုံမှ ပါဝင်နေကြပြီး ပို၍ထူးခြားသည်မှာ နှစ်ပေါင်း ၅၀ ကျော်ကြာအောင် တောတွင်းရောက်နေကြသူများပါ ဥပဒေဘောင်အတွင်းရောက်ရှိပြီး အမျိုးသားညီလာခံကို တက်ရောက်နေကြခြင်းပင်ဖြစ်သည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ခြင်း၏ အနှစ်သာရများဖြစ်သည်။

လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး ပညာရေးကိုအထူးအားပေးမြှင့်တင် မိမိတို့၏သားသမီးများ အရွယ်ရောက်သူတိုင်း ကျောင်းတက်နိုင်ရေးကြိုးပမ်း ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မကွေးတိုင်း၌ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဇန်နဝါရီ ၂၃ ရက်က ဆောမြို့နယ် ကျောက်ထုမြို့ တပြင်းကျေးရွာ၌ ပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ မကွေးတိုင်းအတွင်းရှိ ပေါက်မြို့နယ်၊ ဆောမြို့နယ်၊ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ပုလဲမြို့နယ်၊ မုံရွာမြို့နယ်များသို့ ကွင်းဆင်းသွားရောက်၍ ပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၂၃ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာပြီး ညောင်ဦးလေဆိပ်မှတစ်ဆင့် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ မကွေးတိုင်း ပေါက်မြို့နယ် ပျဉ်းချောင်းစံပြကျေးရွာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး ပျဉ်းချောင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး 'မီးရှူးတန်ဆောင်'စာကြည့်တိုက် ဖွင့်ပွဲသို့ တက်ရောက်သည်။ အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲနှင့် တွေ့ဆုံပွဲသို့ ပျဉ်းချောင်းကျေးရွာမှ ပြည်သူ ၅၀၀ ကျော် တက်ရောက်ကြသည်။

ထို့နောက် 'မီးရှူးတန်ဆောင်' ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပျဉ်းချောင်းစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပျဉ်းချောင်း စံပြကျေးရွာမှ ကျေးလက်ပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားများပြောကြားပြီး မူလတန်းကျောင်းပြုပြင်ရန် ငွေကျပ် ငါးသောင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စေတနာရှင်၊ အလှူရှင်များက စာအုပ်စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲပိုင်းတွင် ပေါက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရည်မှန်းချက်၊ သတ်မှတ်ချက်များအတိုင်း အောင်မြင်အောင် လုပ်ဆောင်ကြရေး၊ ကျေးလက်စာကြည့်တိုက်များကို မြို့နယ်အတွင်းရှိ ကျေးရွာအားလုံး၌ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ရေး၊ စာအုပ်စာတမ်းနှင့် ပရိဘောဂများ တိုးပွားအောင် ဆောင်ရွက်ရေး၊ စည်းစနစ်ကျနစွာဖြင့် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် ပေါက်မြို့တွင် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်မည့်နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆောမြို့နယ် တပြင်း ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ကျေးလက်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆောမြို့နယ် ကျောက်ထုမြို့ တပြင်းကျေးရွာရှိ ရွာဦးကျောင်းဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အဆိုပါ ရွာဦးကျောင်းခန်းမ၌ တပြင်း၊ ပင်ထောင်၊ လက်ပန်း၊ အနိမ့်၊ နန်းရွာတို့မှ ကျေးလက်ပြည်သူ လူထုအင်အား ၅၀၀ ကျော်နှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား တပြင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာ ၂၁၅ စောင်ကို ကျေးရွာစည်းရုံးရေးမှူး ဦးသာအေးက ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တပြင်းကျေးရွာ မူလတန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများဝယ်ယူရန် အလှူငွေကျပ် တစ်သိန်းနှင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံကို လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနအတွက် ဆပ်ပြာမွှေးများကို လည်းကောင်း ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ညနေ ၅ နာရီခွဲတွင် ဆောမြို့နယ် ကျောက်ထုမြို့ ပိန်းနဲစံပြကျေးရွာသို့ရောက်ရှိပြီး အလယ်တန်းကျောင်းခန်းမ၌ ပိန်းနဲ၊ အညာပန်းပလွန်းကျေးရွာ အုပ်စုများမှ ကျေးလက်ပြည်သူအင်အား ၈၀၀ နှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ပိန်းနဲကျေးရွာမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၃၀၀ ကို ကျေးရွာစည်းရုံးရေးမှူး ဦးသန်းဝင်းက ဝန်ကြီးအား ပေးအပ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဇန်နဝါရီ ၂၃ ရက်က မကွေးတိုင်း ပေါက်မြို့နယ် ပျဉ်းချောင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးရှူးတန်ဆောင် စာကြည့်တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ပိန်းနဲကျေးရွာ အလယ်တန်း ကျောင်းဆောင်သစ်အတွက် လှူဒါန်းငွေကျပ် ငါးသောင်းနှင့် ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံကိုလည်းကောင်း၊ ကျေးရွာ ဆေးပေးခန်းအတွက် ဆပ်ပြာမွှေးများကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၂၄ ရက် နံနက် ၇ နာရီခွဲတွင် ကျောက်ထုမြို့၌ တည်ဆောက်မည့် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောက်ထုမြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မိအယ်ကျေးရွာသို့ နံနက် ၉ နာရီတွင် ရောက်ရှိပြီး မိအယ်ကျေးရွာနှင့် ရွာသာကျေးရွာတို့မှ ကျေးလက်ပြည်သူ ၉၀၀ ကျော်နှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နွေရာသီသင်တန်းများ ဖွင့်လှစ်နိုင်ရန် အလှူငွေကျပ် တစ်သိန်းနှင့် စက်ဘီးတစ်စီးကိုလည်းကောင်း၊ မိအယ်ကျေးရွာ စာသင်ကျောင်းပြုပြင်ရန်အတွက် အလှူငွေကျပ်ငါးသောင်း၊ ကျေးရွာများမှ စာသင်ကျောင်းများအတွက် ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ ကျေးရွာအုပ်စုများမှ စာကြည့်တိုက်များအတွက် သုတရသစာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံကိုလည်းကောင်း၊ ကျေးရွာပြည်သူများအတွက် အဝတ်အထည်များ၊ ဆပ်ပြာမွှေးများကိုလည်းကောင်း၊မိအယ်ကျေးရွာ တံတားပြုပြင်ရန်အတွက် အလှူငွေကျပ် ငါးသောင်းကို လည်းကောင်း အသီးသီးပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ဆောမြို့နယ် နှော်ကျေးရွာသို့ရောက်ရှိပြီး နိဿယပဒေသ သိမ်ကျောင်းဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျောင်းခန်းမ၌ နှော်ကျေးရွာ၊ လယ်စောနှင့် ကြီးကျေးရွာအုပ်စုမှ ကျေးလက်ပြည်သူ ၁၂၅၀ နှင့် တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား နှော်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၂၆၂ စောင်ကို ကျေးရွာစည်းရုံးရေးမှူး ဦးလှမောင်က ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး စာအုပ်နှင့် ဗလာစာအုပ်များကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံကိုလည်းကောင်း၊ ကျေးရွာလူထုအတွက် အဝတ်အထည်များနှင့် ဆပ်ပြာများကိုလည်းကောင်း၊ အလယ်တန်းကျောင်း အမိုး မိုးရန်အတွက် အလှူငွေကျပ်ငါးသောင်းတို့ကို လည်းကောင်းပေးအပ်လှူဒါန်းရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ထီးလင်းမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ထီးလင်းမြို့နယ် အကြည်ဘန်းကျေးရွာအုပ်စု၊ အလယ်ဘန်းကျေးရွာ၊ အညာဘန်းကျေးရွာ၊ ဘူးတောင်းကျေးရွာ၊ ညောင်ရွာနှင့် တိရွာတို့မှ ကျေးလက်ပြည်သူ ၉၀၀ ကျော်နှင့် တွေ့ဆုံပြီး အမှာစကား ပြောကြားသည်။

အဆိုပြုလွှာပေးအပ်

ယင်းနောက် အကြည်ဘန်း ကျေးရွာအုပ်စုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၃၅၀ ကို ကျေးရွာ စည်းရုံးရေးမှူး ဦးညိုဝင်းက ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား ပေးအပ်သည်။

ဆက်လက်၍ အကြည်ဘန်း ကျေးရွာ အလယ်တန်းကျောင်းအတွက် လှူဒါန်းငွေကျပ် ငါးသောင်းနှင့် ကျောင်းသုံးစာအုပ်နှင့်ဗလာစာအုပ်များကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံကိုလည်းကောင်း၊ ကျေးရွာပြည်သူများအတွက် အဝတ်အထည်နှင့် ဆပ်ပြာမွှေးများကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက မကွေးတိုင်းအတွင်းရှိ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး ကျေးရွာများမှ ပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသမှ အခြေအနေမှန်များကို သိရှိနိုင်ရန် ပံ့ပိုးဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပေးနိုင်ရန်၊ အကြံပေးသင့်သည်များကို အကြံပေးနိုင်ရန်အတွက် ယခုကဲ့သို့ လာရောက်၍ ပြည်သူလူထုနှင့် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကိုအထူးအားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ ၁၉၈၈ ခုနှစ်တစ်ဝိုက်တွင် ကျေးလက်ပြည်သူများအနေဖြင့် အထက်တန်းပညာ၊ အထူးသဖြင့် အဆင့်မြင့်ပညာသင်ကြားရေးအတွက် လက်လှမ်းမမီခဲ့ကြကြောင်း၊ တပ်မတော်အစိုးရတာဝန်ယူပြီးနောက် ယခုအချိန်တွင်မူ မြန်မာနိုင်ငံအနှံ့တက္ကသိုလ်၊ကောလိပ်ပေါင်း ၁၅၆ခု တည်ဆောက်ပေးပြီး ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာကို လက်လှမ်းတမီ အလွယ်တကူ သင်ယူနိုင်ကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်က အီလက်ထရွန်းနစ် ခေတ်မီပညာရေးစနစ်ကိုပါ တိုးချဲ့ ဆောင်ရွက်ပေးနေပြီဖြစ်၍ လူတိုင်း လူတိုင်း အဆင့်မြင့်ပညာကို သင်ယူနိုင်ရန် အခွင့်အလမ်းကောင်းများ ရနေပြီဖြစ်ကြောင်း၊ ဝိဇ္ဇာပညာရပ်၊ အသက်မွေးမှုပညာရပ်၊ သိပ္ပံပညာများ ထွန်းကားပြီး နည်းပညာများ တတ်မြောက် ထူးချွန်ပါမှ တိုင်းပြည်အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း။

ပြည်သူလူထုအပေါ်ထားရှိ

ထို့ကြောင့် ကျေးလက်ပြည်သူများအနေဖြင့် မိမိတို့၏သားသမီးများကို ကျောင်းနေအရွယ်ရောက်သူတိုင်း ကျောင်းတက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးစသည့် အခြေခံအဆောက်အအုံများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်က တည်ဆောက်ပေးခဲ့သော လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ၊ တက္ကသိုလ်၊ ကောလိပ် စသည်တို့ကို လေ့လာကြည့်ရှုပါက နိုင်ငံတော်မှ ပြည်သူလူထုအပေါ် ထားရှိသော စေတနာကို နားလည်သဘောပေါက်လာမည်ဖြစ်ပါကြောင်း။

တိုးချဲ့စမ်းသပ်စိုက်ပျိုး

ထို့ပြင် ကျေးလက်ပြည်သူများအနေဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စိုက်ဧကတိုးချဲ့ခြင်း၊ သီးထပ်သီးညှပ်စိုက်ခြင်း၊ တစ်နှစ်သုံးသီးစိုက်ခြင်းတို့အပြင် မွေးမြူရေးလုပ်ငန်းများပါတွဲဖက်ပြီး စီးပွားဖြစ်လုပ်ဆောင်နိုင်မှ လူနေမှုဘဝမြင့်မားလာမည်ဖြစ်ကြောင်း၊ ဂန့်ဂေါခရိုင်၏ ရေမြေသဘာဝအရ ငရုတ်ကောင်း၊ ဒူးရင်း၊ တညင်း၊ လိမ္မော် စသည့် သီးနှံများစိုက်ပျိုးဖြစ်ထွန်းနေသည်ကို တွေ့ရှိရသဖြင့် ယခုထက်ပိုမို တိုးချဲ့စမ်းသပ်စိုက်ပျိုးသွားရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အခက်အခဲမျိုးစုံ၊ ပြည်တွင်းပြည်ပအဖျက်သမားများ၏ နှောင့်ယှက်ဟန့်တားပိတ်ဆို့မှုမျိုးစုံကြားမှ ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နယ်ချဲ့တို့သည် ယခင်က အင်အားသုံးပြီး တိုင်းပြည်သိမ်းကာ ကျွန်ပြုသည့်စနစ်ကို သုံးခဲ့ရာမှ ယခုအခါ နောက်ကနေကြိုးကိုင် ခြယ်လှယ်ပြီး သြဇာခံမွေး၍ ခေတ်သစ်ကျွန်ပြုသည့်စနစ်ကို ကျင့်သုံးလာကြောင်း၊ သို့ပါ၍ ခေတ်သစ်နည်းဖြင့် ကျွန်ပြုခြင်းမခံရရေးကို အထူးသတိပြုကြရန်လိုအပ်ပါကြောင်း၊ ထိုသို့သတိပြုပြီး နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတို့ကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးတို့နှင့်အတူ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှူဒါန်း

ဇန်နဝါရီ ၂၉ရက်က နှစ်ဖက်သော အဘိုး၊ အဘွား၊ အမိ၊ အဖ၊ ဆရာသမားများအား အမှူးထား၍ အမှတ်(၈၀) G-1 ကမ္ဘောဇလမ်း ရွှေတောင်ကြား(၁)ရပ်ကွက် ဗဟန်းမြို့နယ်နေ ဦးကိုကိုအေး-ဒေါ်သီသီနိုင်၊ သား ကျော်ကိုကိုချစ်၊ ကျော်ကိုကိုဟိန်း(ဆင်မင်းဆပ်ပြာစက်၊ မိသားစုဝင်) တို့က ဗဟန်းမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူမွှေ့ဘုရားကြီး အသစ်တည်ဆောက်ရန်အတွက် ငွေကျပ် လေးဆယ့်ငါးသိန်းကို လှူဒါန်းရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံရယူစဉ်။ (က-ပ)

အကြိမ်(၄၀)မြောက် ရဲချုပ်ဒိုင်းဘောလုံးပြိုင်ပွဲ ရေဝတီတိုင်းရဲတပ်ဖွဲ့အသင်း ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၃၀

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် အကြိမ်(၄၀)မြောက် ရဲချုပ်ဒိုင်းပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ ညနေ ၃နာရီက ပဲခူးမြို့ ပဲခူးအားကစားကွင်း၌ ကျင်းပရာ ရေဝတီတိုင်းရဲတပ်ဖွဲ့အသင်းက မကွေးတိုင်းရဲတပ်ဖွဲ့အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အကောင်းဆုံးဆု

ရေဝတီတိုင်း ရဲတပ်ဖွဲ့အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၅မိနစ်တွင် အောင်ကိုမင်းက သွင်းယူပေးသည်။ ပွဲအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသွားသော ရေဝတီတိုင်းရဲတပ်ဖွဲ့အသင်းမှ အောင်ကိုမင်းအား ပဲခူးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဝေက ငွေကျပ်ငါးထောင် ပေးအပ်ချီးမြှင့်သည်။

ယနေ့ပွဲ

ဇန်နဝါရီ ၃၁ရက်**(ယနေ့)** ညနေ ၃နာရီတွင် ပဲခူးအားကစားကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲများယှဉ်ပြိုင် အာဆင်နယ်၊မန်ယူ၊နယူးကာဆယ်နှင့်ချာလ်တန်တို့အနိုင်ရ

လန်ဒန် ဇန်နဝါရီ ၃၀

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၉ရက်က ဆက်လက်ကျင်းပရာ အာဆင်နယ်၊ မန်ချက်စတာယူနိုက်တက်၊ နယူးကာဆယ်နှင့် ချာလ်တန်အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြပြီး ကျန်ပရီမီးယားလိဂ်အသင်းများလည်း အနိုင်ရရှိခဲ့ကြသည်။

အာဆင်နယ်နှင့် ဝုလ်ဖာဟမ်တန်တို့ အာဆင်နယ်ကွင်း၌ ကစားရာ ပထမပိုင်း ဂိုးမသွင်းနိုင်သော်လည်း ဒုတိယပိုင်း ပွဲချိန် ၅၃မိနစ်တွင် အာဆင်နယ်က ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ဗီယာရာက ကန်သွင်းကာ အဖွင့်ဂိုးရယူခဲ့ပြီး ပွဲချိန် ၈၂မိနစ်တွင် ယွန်းဘတ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့ခြင်းဖြစ်သည်။

နာမည်ကြီးမန်ချက်စတာယူနိုက်တက်နှင့် မစ်ဒယ်ဘရော့တို့ မန်ယူကွင်း အိုးထရက်ဒ်ဖို့ဒ်၌ ကစားရာ ၁၀မိနစ်တွင် မန်ယူမှ အိုရှီးရားက တစ်ဂိုး၊ ပွဲချိန် ၆၇မိနစ်နှင့်၈၂မိနစ်တွင် ရွန်းနီက နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် မန်ယူတို့ ခြေအသာ ကစားကွက်အသာဖြင့် သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

နယူးကာဆယ်နှင့် ကိုဗင်ထရီတို့ပွဲတွင် ပထမပိုင်းမှာပင် နယူးကာဆယ်တို့က နှစ်ဂိုးသွင်းယူပြီး ပထမပိုင်းပြီးခါနီးမှ အဒီဘိုလာက ချေပဂိုးတစ်ဂိုး ပြန်သွင်းနိုင်ခဲ့သည်။ ပွဲချိန်၅၂မိနစ်တွင် နယူးကာဆယ်မှ ဘာဘာယာရိက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် နယူးကာဆယ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဲဗာတန်နှင့် ဆန်ဒါးလန်းတို့ပွဲတွင် အဲဗာတန်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဲဗာတန်သည် ယခုပွဲ ခြေစွမ်းမပြနိုင်ခဲ့ရာ ပွဲချိန်ကိုးမိနစ်မှာပင် ဖာဒမ်က တစ်ဂိုး၊ ပွဲချိန် ၂၇မိနစ်တွင် ဘက်တီက တစ်ဂိုးနှင့် ပွဲချိန် မိနစ် ၈၀တွင် ကာဟီးလ်က တစ်ဂိုးသွင်းယူပြီး သုံးဂိုးပြတ် နိုင်ပွဲရခဲ့ခြင်း ဖြစ်သည်။

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲအဖြစ် မန်ချက်စတာနှင့်မစ်ဒယ်ဘရော့တို့ပွဲတွင် မန်ယူ တိုက်စစ်မှူးရွန်းနီ(ဝဲ)က မစ်ဒယ်ဘရော့အသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အခြားပွဲရလဒ်များ

ချာလ်တန်	၃	-	၂	ယော်ဗီလ်
ဘလက်ဘန်း	၃	-	၀	ကိုလ်ချီစတာ
ဘရန့်ဖို့ဒ်	၀	-	၀	ဟက်လီပူး
ဘရင်လေ	၂	-	၀	ဗြူနီမောက်
ဒါဘီ	၁	-	၁	ဖူလ်ဟမ်
နော့တင်ဟန်ဖောရက်	၁	-	၀	ပီတာဘရော့
ရီဒ်ရင်း	၁	-	၂	လက်စတာ
ဆောက်သမ်တန်	၂	-	၁	ပို့စ်မောက်
ဝက်စ်ဘရွန်း	၁	-	၁	တော့တင်ဟမ်
ဝက်စ်ဟမ်း	၁	-	၁	ရှက်ဖီးယူနိုက်တက်

(အင်တာနက်)

အာဆီယံလက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ မြန်မာလက်ဝှေ့အသင်း ငွေတစ်ခုနှင့် ကြေးလေးခုဆွတ်ခူးရရှိ

ရန်ကုန် ဇန်နဝါရီ ၃၀

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ဇန်နဝါရီ ၁၆ရက်မှ ၂၃ရက်အထိ ကျင်းပခဲ့သော ASEAN Boxing Amateur Championship-2005 သို့ မြန်မာ့လက်ရွေးစင်လက်ဝှေ့အသင်း သွားရောက်ယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်း ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် လက်ဝှေ့သမား ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ဖယ်သာဝိတ် (၅၇)ကီလိုတန်းမှ ရန်နောင်စိုးက နောက်ဆုံးဗိုလ်လုပွဲ တွင် အိမ်ရှင်ဗီယက်နမ်လက်ဝှေ့သမားကို အမှတ်ဖြင့်ရှုံးနိမ့်ကာ ငွေတံဆိပ်ဆုရရှိခဲ့သည်။ ကျန်လက်ဝှေ့သမားများဖြစ်ကြသည့် လိုက်ဖလိုင်းဝိတ် (၄၈)ကီလိုတန်း ဇော်မျိုးမင်း၊ ဘင်တန်ဝိတ်(၅၄)ကီလိုတန်း ကျော်ကျော်လတ်၊ လိုက်ဝိတ်(၆၀)ကီလိုတန်း စိုးရာဇာနှင့် လိုက်ဝယ်တာဝိတ်(၆၄)ကီလိုတန်း အောင်သူရတို့က ကြေးတံဆိပ် လေးခု အသီးသီးဆွတ်ခူးရရှိခဲ့သည်။ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် လာမည့်အရှေ့တောင်အာရှပြိုင်ပွဲ၌ အောင်မြင်မှုများရရှိရန် မျှော်မှန်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ချင်းတွင်းအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ ချင်းတွင်းအသင်းမိသားစုများ တက်ရောက်ကြရန်နှင့် အသက် ၈၀ အထက် သက်ကြီးအသင်းဝင်များ၊ ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်သူ ရန်ကုန်ရှိ အသင်းဝင်များ၏ သားသမီးများ အမည်စာရင်း၊ သက်ကြီးအသင်းဝင်များ၏ အမည်စာရင်းကို ဖေဖော်ဝါရီ ၅ရက် နောက်ဆုံးထား၍ ဦးဇော်ဝင်း ဖုန်း-၂၅၂၀၄၄၊ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ ဗိုလ်မှူးကြီး ပီကျော်ဟန်(ငြိမ်း) ဖုန်း-၅၇၈၂၉၁၊ ဒေါ်စန်းစန်း ဖုန်း-၅၄၉၄၁၂၊ ဦးဝင်းငွေ ဖုန်း-၅၂၄၃၈၅နှင့် အသင်းတိုက် ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ် ၂၇၊ အခန်းအမှတ် ၅၇တို့သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေစွန်ညိုကြက်တောင်အသင်း နှစ်ပတ်လည်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူး၍ နှစ်(၄၀)မြောက် ရွှေစွန်ညိုကြက်တောင်အသင်း၏ နှစ်ပတ်လည် ကြက်တောင်ရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ရက်မှ ၁၂ရက်အထိ နေ့စဉ်ညနေ ၄နာရီမှစ၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမတွင် ကျင်းပမည်ဖြစ်သည်။ အသက်၁၂နှစ်မှ ၆၀အတွင်းရှိ ကြက်တောင်ရိုက်အားကစားမောင်မယ်များ၊ ယှဉ်ပြိုင်မည့်သူများသည် ဦးအောင်သန်း (ရွှေစွန်ညိုကြက်တောင်အသင်း) ဖုန်း-၂၂၁၄၉၆သို့ ဖေဖော်ဝါရီ၂ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့ များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၀

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဒုတိယအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေး အဖွဲ့ ဒုတိယအဖွဲ့ ခေါင်းဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးသည် အဖွဲ့ဝင်များ ဖြစ်ကြသည့် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ညနေပိုင်းတွင် လည်းကောင်း မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)တို့ ပါရှိခြင်း ရှိ-မရှိနှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်း ရှိ-မရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။ **(သတင်းစဉ်)**

ဖြူးဆရာတော် တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၃၀

ဘဒ္ဒန္တ နရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဓဇ ဓမ္မာစရိယ) ဖြူးဆရာတော် အရှင်မြတ်သည် ၁၃၆၆ခုနှစ် တပို့တွဲလဆန်း ၃၊၄ရက်တွင် မြိတ်မြို့ အေးရိပ်ချောင်မဟာစည် ရိပ်သာ၌လည်းကောင်း၊ ၅ရက်တွင် ကျွန်းစုမြို့နယ် ထိန်ချောင်းရွာ၌လည်းကောင်း၊ ၆ရက်တွင် ပုလောမြို့နယ် အော်သာယာရွာ၌လည်းကောင်း၊ ၇ရက်တွင် မြိတ်မြို့ ကွက်သစ်လမ်းဆုံ၌ လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၁၄)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၀

နိုင်ငံတကာဈေးကွက်တင်ပို့ရန် သရက်သီး ရွေးချယ်သန့်စင် ထုပ်ပိုးစက်ရုံ ရန်ကုန်တွင် တည်ဆောက်၊ ငါးမန်းနှင့် လိပ်များ မျိုးသုဉ်းမှုကာကွယ်ရန် ဟိုတယ်နှင့်စားသောက်ဆိုင်များ၌ ရောင်းချခြင်း တားမြစ်ဖွယ်ရှိ၊ ကနေဒါကုမ္ပဏီ မြန်မာနိုင်ငံတွင် စိန်ရှာမည်၊ ဆင်မလိုက်သဘော်ကျင်း နိုင်ငံတကာအဆင့်မီ လုပ်ငန်းအဖြစ် ဖေဖော်ဝါရီတွင် ဖွင့်မည် စသည့် မျက်မှောက်ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဆူနာမီက ခွဲလိုက်သည့် သမီးနှင့်အဖေ ပြန်ဆုံကြပြီ၊ သမုဒ္ဒရာရေလှိုင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမည့် ကမ္ဘာ့ပထမဆုံးစက်ရုံ တရုတ်ပြည်တွင် စတင်တည်ဆောက်၊ ဘိုးဘိုးရိုမီယိုနှင့် ဘွားဘွားဂျူးလီယက် ခေတ်သစ် အချစ်ပုံပြင်ပေါ်၊ သုံးသပ်ချက် ဆောင်းပါးများ၊ ကျန်းမာရေး၊စီးပွားရေး၊ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာကို e-Empire Media House ဖုန်း–၇၀၃၈၁၃၈က ဖြန့်ချိထားကြောင်း သိရသည်။

(က–ပ)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မောင်ရှည်သူအောင် B.Sc (Physics) (Q)

E/C (Myanma Five Star Line)

နှင့်

မောင်မာသန်း Final Year (Law)

... Sedona Hotel ... Alpha Color Separation ... Diamond City ... Sedona Hotel ...

မင်္ဂလာဦးဆုတောင်း

ရွှေပြည်ဟိန်း ဇီဝိတဒါနအလှူ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်သော ကုသိုလ်ဖြစ် ဆေးခန်း၌ လူမျိုးဘာသာမရွေး ဝေဒနာရှင်များ၏ လိုအပ်သောဆေးများကို လှူဒါန်းလျက်ရှိကြရာ ဒေါ်မေကြည် (ကျားပုန်းကုမ္ပဏီ ဆေးကိုယ်စားလှယ် အမှတ်၅၃၊ ၁၃၃ လမ်း)က ငွေကျပ် ငါးသောင်းတန်ဖိုးရှိ ဆေးမျိုးစုံကိုလည်းကောင်း၊ဗိုလ်မှူးကြီးစိန်ညွှန့်(ငြိမ်း)ဒေါ်မမကြီးမိသားစု အမှတ်၁၀၄ ငါးထပ်ကြီးဘုရားလမ်း ဗဟန်းက ငွေကျပ် သုံးသောင်းကျော်တန်ဖိုးရှိ ဆေးပစ္စည်းတို့ကိုလည်းကောင်း၊ဦးကြည်ဝင်းအား ရည်စူး၍ ဒေါ်ခိုင်ခိုင်လတ် အမှတ် ၁၂၄ ရွှေယင်းမာလမ်း ၁၃ ရပ်ကွက် ရန်ကင်းက ငွေကျပ် သုံးသောင်းကျော်တန်ဖိုးရှိ ဆေးမျိုးစုံတို့ကိုလည်းကောင်း ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရိ လက်ခံရထံ လှူဒါန်းကြသည်။ ဆေးလှူဒါန်း လိုသူများသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မြနန္ဒာလမ်း၊ အမှတ် ၂၀၃ နေ ဗိုလ်မှူးချုပ်ကြာညိုချစ်ဖေ(ငြိမ်း)[ဆားဗီးယားနှင့်မွန်တီနီဂရိုးဆိုင်ရာ မြန်မာသံအမတ်ကြီး]–ဒေါ်နွယ်နွယ်ထွန်းတို့၏သား

မောင်ဥက္ကာကြာညို B Bus Acc (Australia)

Adv Dip. Acc (Australia), CAT (UK)

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ အမှတ် TH-2 နေ

ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း–ဒေါ်အေးကြွယ်တို့၏တစ်ဦးတည်းသောသမီး

ဒေါက်တာပေရယ်မြင့်ဝင်း M.B.,B.S (Ygn), IDCS (UK)

အလုပ်သင်ဆရာဝန်၊ ရန်ကုန်ကလေးဆေးရုံကြီး

တို့သည် ၂၇–၁–၂၀၀၅ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ဥက္ကာကြာညို–ဒေါက်တာပေရယ်မြင့်ဝင်း။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ် ၄၁နေ

ဦးဇော်ဝင်း–ဒေါ်သန်းသန်းဆိုင်တို့၏သား

မောင်ဝင်းသူ B.A (History)

ကမ္ဘောဇဘဏ်လီမိတက်(ရွှေဂုံတိုင်ဘဏ်ခွဲ)

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သဟာယလမ်း၊ အမှတ် ၉၉နေ

ဦးရှုမောင်–ဒေါ်ခင်စိုးထွေးတို့၏တစ်ဦးတည်းသောသမီး

မစိုးအိအိမောင် B.Sc (Zoology)

ကမ္ဘောဇဘဏ်လီမိတက်(ရုံးချုပ်၊စီမံဌာန)

တို့သည် ၃၀–၁–၂၀၀၅ရက်တွင် Lion City Restaurant (Golden Dragon Hall) ၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဌ၊ သီဟသုဓမ္မာဂီ၊ သီရိသုဓမ္မာဂီ၊ အဂ္ဂမဟာသီရိသုဓမ္မာဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်)နှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်မှူးကြီး ထိန်ဝင်း(ငြိမ်း)–ဒေါ်အေးမွန်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင် အလှဖန်တီးရှင် ထွန်းထွန်းလင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော အလက်ာ တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မှတ်တမ်းတင် ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးသော ကိုဇော်ဝင်း(မှတ်သုံ)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးဝင်းတင်(မြန်မာ့အသံ)အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ဝင်းသူ–မစိုးအိအိမောင်။

အရှေ့တိုင်းပညာမိသားစု အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာမိသားစု၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ရက် (သောကြာနေ့)နံနက် ၁၀နာရီတွင် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန အေ–၁၀၅၌ ကျင်းပမည်ဖြစ်သည်။

ယင်းအာစရိယပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ စုံစုံညီညီပါဝင်တက်ရောက်၍ ဂါရဝပြုနိုင်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

မီးသုံးခွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

SUCCESS LANGUAGE ACADEMY

English Speaking 2 or 3 months — 31 Jan 7:30 - 9:00; 31 Jan 10:00 - 11:30; 5 Feb 1:00 - 3:00; 7 Feb 1:00 - 2:30

Intermediate 31 Jan 7:30 - 9:00 2 months

Intermediate 5 Feb 1:00 - 3:00 3 months

202046

ပေါ်ဆန်းမွှေး

သာယာမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

ဆရာမွှေး အင်္ဂလိပ်စာသင်တန်း

Ph-286871

ဦးအောင်မင်းခေါင်

• အင်္ဂလိပ်စကားပြော • အင်္ဂလိပ်စာရေးနည်း

လိပ်ခေါင်း(ဂရင်ဂျီစအိုနာ)အရိုးအကြော

သဲကုန်းမြို့တွင် သီတဂူစာပေပညာပြန့်ပွားရေး စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ဆွေးနွေး

သဲကုန်း ဇန်နဝါရီ ၂၈

သဲကုန်းမြို့နယ် အမှတ် (၄)ရပ်ကွက် တပ်ရွာကိုယ့်အားကိုယ်ကိုး သီတဂူစာပေပညာပြန့်ပွားရေးစာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၂၆ရက်က သီတဂူတပ်အလယ်ကျောင်း ဓမ္မာရုံ၌ကျင်းပရာ သီတဂူတပ်အလယ်ကျောင်း ဦးစီးပဓာန နာယကဆရာတော် အရှင်သီဟဉာဏ လင်္ကာရာဘိဝံသ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစောမျိုးချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

အကျယ်တဝင့်ဆွေးနွေး

အခမ်းအနားတွင် သီတဂူတပ်အလယ်ကျောင်း ဆရာတော် အရှင်သီဟ ဉာဏလင်္ကာရာဘိဝံသက ဩဝါဒ ကထာမိန့်ကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောမျိုးချစ်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးကို အကျယ်တဝင့်ဆွေးနွေးသည်။

လက်ခံရယူ

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အလှူရှင် ၁၃ ဦးတို့က စာအုပ်မျိုးစုံ ၈၂၁ အုပ်ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးမြသိန်းက လက်ခံရယူသည်။

သဲကုန်းမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်များ ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တမူးမြို့နယ် ခါမ်းပါတ်မြို့တွင် အမာခံကျောက်ချောလမ်းသစ်ဖွင့်

တမူး ဇန်နဝါရီ ၂၄

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် ခါမ်းပါတ်မြို့တွင် စည်ပင်သာယာရေး အဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အမက ကျောင်း တောင် ဇလပ်လမ်းအမာခံ ကျောက်ချော လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် ခါမ်းပါတ်မြို့ စည်ပင်သာယာ ရေးအဖွဲ့ တာဝန်ခံ ဦးအောင်ကျော် မျိုးတို့က အမှာစကားပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်၊ တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသောင်းညွန့်နှင့် ခါမ်းပါတ်မြို့ တာဝန်ခံ ဦးအောင် ကျော်မျိုးတို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါကျောက်ချောလမ်းသည် အရှည်ပေ ၇၀၀၊ အကျယ်၁၂ပေရှိပြီး အဖွဲ့မှ ထည့်ဝင်ငွေကျပ် ၈၅၅၀၀၀နှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၂၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၀၅၅၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ရေစကြိုမြို့နယ်တွင် ကျေးလက်စက်ရေတွင်းဖွင့်

ရေစကြို ဇန်နဝါရီ ၅

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ ကျပ် ၁၃၁၀၀၀၀ဖြင့် တူးဖော်ဆောင်ရွက်ခဲ့သော မင်းကန်ကျေးရွာအုပ်စု မင်းကန်ကျေးရွာတွင် နှစ်လက်မ ပေ၄၀၀စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းသည် အနက်ပေ ၃၅၀ရှိပြီး တစ်နာရီ ရေဂါလန် ၈၀၀ ထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေး ငွေဆောင်တွင် ကျေးရွာချင်းဆက် နိဗ္ဗာန်တံတားဖွင့်

ငွေဆောင် ဇန်နဝါရီ ၂၃

ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု လွယ်ကူကောင်းမွန်စေရေးအတွက် ငွေဆောင်ဒေသ ဇီးမော်နှင့်မရမ်းကုန်းကျေးရွာချင်းဆက် နိဗ္ဗာန်တံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရ၊ အတွင်းရေးမှူး ဦးမြတ်ကျော်နှင့် ဂူးလန့်ကုမ္ပဏီမှ ဦးထွန်းမင်းလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆောက်လုပ်ခဲ့

အဆိုပါတံတားမှာ အရှည် ပေ၉၀၊ အမြင့် ၅ပေ ၄လက်မ၊ အကျယ် ၅ပေ ၅ လက်မရှိ သစ်သားတံတားဖြစ်ပြီး ပြည်သူများ ထည့်ဝင်ငွေကျပ် ၅၈၀၀၀၀ ကျော် အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြောင်းမြခရိုင်တွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များဖွင့်လှစ် မဂ္ဂဇင်း၊ သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

မြောင်းမြ ဇန်နဝါရီ ၆

ဧရာဝတီတိုင်း မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို အရှိန်အဟုန်ဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၀ ရက်မှ ၁၅ရက် အတွင်း မြောင်းမြမြို့နယ် ကျောက်ဖြူကျေးရွာတွင် အလင်းဖြူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို လည်းကောင်း **(အပေါ်ပုံ)** စမြချောင်းကျေးရွာတွင် မျှော်လင့်ခြင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကိုလည်းကောင်း ဖွင့်လှစ်ကြသည်။

ပေးအပ်

ထို့နောက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက် အကြောင်း သိကောင်းစရာများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်က ဟောပြောဆွေးနွေးပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ သုတ၊ ရသ စာအုပ်မျိုးစုံ ၁၅၀ အုပ်ကို ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)



ရွှေဘိုမြို့နယ်တွင် ကျေးလက်ရေပေးရေး စက်ရေတွင်းဖွင့်

ရွှေဘို ဇန်နဝါရီ ၂၈

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် ရွှေဘိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက်ရေပေးရေး လုပ်ငန်းများ အနက် လိပ်ချင်းကျေးရွာ စက်ရေတွင်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉နာရီက ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက စက်ရေတွင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်နှင့် ရွှေဘိုမြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စက်ရေတွင်းနှင့် ရေ စက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

သုံးစွဲနိုင်

လိပ်ချင်းကျေးရွာ စက်ရေတွင်း ကို အဖွဲ့ရန်ပုံငွေကျပ် ၁၁၀၀၀၀၀ အကုန်အကျခံ၍ ဆောင်ရွက် ပေးခဲ့ ခြင်းဖြစ်ပြီး ရေထွက်နှုန်းမှာ တစ်နာရီ ရေဂါလန်၂၀၀၀ထွက်ရှိသဖြင့် ကျေးရွာ နေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ် တောင်လေးလုံးစံပြကျေးရွာ ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၄

၂၀၀၅ခုနှစ် တောင်ကြီးမြို့နယ် တောင်လေးလုံးစံပြကျေးရွာအုပ်စု ဥက္ကဋ္ဌဖလား သတ္တမအကြိမ်မြောက် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီက တောင်လေးလုံးစံပြကျေးရွာ ဘောလုံးကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ်ပတ္တမြား လူငယ်ဘောလုံးအသင်းနှင့် တာယော လူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပတ္တမြားလူငယ် အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အကြီးတန်းပြိုင်ပွဲ၌ အကောင်းဆုံးဆုရရှိကြသူများအား အလှူရှင် ဦးညွန့်ဝေက လည်းကောင်း၊ အသန့်ရှင်းဆုံး ဆုရ ဟဲဟိုး မြို့မအသင်း၊ တတိယဆုရ တောင်လေးလုံး လူငယ်အသင်းနှင့် ဒုတိယဆုရ တာယောလူငယ်အသင်းတို့အား အလှူရှင် ဦးစိုင်းလုံက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပထမဆုရ ပတ္တမြားလူငယ်အသင်းအား ငွေကျပ် တစ်သိန်းကို အလှူရှင် ဦးထွန်းအေးက လည်းကောင်း၊ ပထမဆုဖလားကို မြို့နယ်အားကစားမှူး ဦးတင်အေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်အေးတို့ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ လေးပေကိုးလက်မအောက် အငယ်တန်းပြိုင်ပွဲ၌ ပူးတွဲပထမရရှိသွားသော တောင်လေးလုံး အလကနှင့် ရေခွေးရွာ အမကအသင်းတို့အား ဆုငွေကျပ်သုံးသောင်းနှင့် တတိယဆုရရှိသော တာယောလူငယ် ဘောလုံးအသင်းအား ကျေးရွာဥက္ကဋ္ဌနှင့် အလှူရှင်များက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါပြိုင်ပွဲသို့ အကြီးတန်းအဆင့် ဘောလုံးအသင်း ၁၆သင်း၊ အငယ်တန်းအဆင့် ရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။ **(က–ပ)**

တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

မိုင်းပျဉ်း ဇန်နဝါရီ ၁၈

နှစ် (၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းသော်နှင့် အခြေခံပညာ အလယ်တန်းကျောင်းအုပ်ကြီး ဦးစိုင်းထွန်းစိန်တို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲအပြီးတွင် ဆုပေးအပ်ပွဲ ကျင်းပရာ ပထမ၊ ဒုတိယနှင့်တတိယဆုရ ကျောင်းသူကျောင်းသားများကို မြို့နယ်ပညာရေးမှူးနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွယ်လွန်သူ (ဦးလွင်ဦး) လက်ထောက်အင်ဂျင်နီယာ (ငြိမ်း) (၂)နှစ်ပြည့်အား ရည်စူး၍ အဝေးပြေးဌာနခွဲ ကုန်းလမ်းပို့ဆောင်ရေး၊ ထောက်ကြန့် မင်္ဂလာဒုံမြို့နယ်နေ ဇနီး ဒေါ်သန်းရီနှင့် သား သမီး၊ မြေးများမှ အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

အောင်ဇမ္ဗူ စာကြည့်တိုက်ဖွင့်

သာစည် ဇန်နဝါရီ ၆

အောင်ဇမ္ဗူကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က သာစည်မြို့နယ် အုတ်တွင်းကျေးရွာအုပ်စု အင်တိုင်းသာကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စာအုပ်တိုးပွားရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဟောပြော ဆွေးနွေးသည်။

ထို့နောက် အောင်ဇမ္ဗူစာကြည့်တိုက်ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်မြိုင်နှင့်အဖွဲ့ဝင် ဦးခွေးညိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၀ ရက်က ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုရေးစီမံချက်ဥက္ကဋ္ဌ မြို့နယ်အတွင်းရေးမှူး ဦးသန်းဦး စီမံချက်အကောင်အထည် ဖော်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားစဉ်။ (၁၃၄)

ဆေးတက္ကသိုလ်(၂)ရန်ကုန်

(၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၂–၃–၂၀၀၅ရက်နေ့ (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၁–၃–၂၀၀၅ ရက်နေ့ (သောကြာနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၀၄ ခုနှစ်၊ ဧပြီလမှ ၂၀၀၅ ခုနှစ် ဇန်နဝါရီလအတွင်း ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာ အောင်မြင်ပြီးသူများနှင့် ၂၀၀၃ခုနှစ်၊မေလနှင့် ၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် ဆေးပညာဘွဲ့အောင်မြင်၍ အလုပ်သင်ဆရာဝန် တာဝန်(၁)နှစ် တာဝန်ထမ်းဆောင်ပြီးသူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားကြရမည်။

ထိုကာလ မတိုင်မီက အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့် ရှိသည်။

ဘွဲ့နှင်းသဘင်ကြေး – ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး – ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)
ပြင်ပဆရာဝန်များ၏
ဘွဲ့နှင်းသဘင်ကြေး – ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ)
လျှောက်လွှာပိတ်ရက် – ၁၈–၂–၂၀၀၅

သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (အဖြူအမည်း၁လက်မခွဲ x ၂လက်မ) ဓာတ်ပုံ (၂)ပုံနှင့်အတူ လျှောက်ထားကြရမည်။

အသေးစိတ် အချက်အလက်များကို သိလိုလျှင် ဤတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင် ဌာနစိတ် ဖုန်း–၆၉၉၈၅၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စုသီတာဝိုင်း
မော်ကွန်းထိန်း
ဆေးတက္ကသိုလ်(၂)ရန်ကုန်။

မွေးနေ့ မင်္ဂလာဆုမွန်

မနီလာထွန်း၏ ၃၁–၁–၂၀၀၅ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် သာယာပျော်ရွှင် ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်။

ကိုဇော်၊ စန္ဒာ၊ နိုင်လင်း၊ မဠူ။

[illegible]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃က/၄၇၆၅ မော်တော်ယာဉ် လက်ဝယ်ရှိသူက (ကမ–၃)ပျောက်၊ မိတ္တူ ပျောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက်အတွင်း ကညန၊ ရန်ကုန်တိုင်း၊ ခရိုင်ရုံး(အရှေ့ပိုင်း)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်ခရိုင်ရုံး(အရှေ့ပိုင်း)။

မိဘအမည်မှန်

အထက(၂) မင်္ဂလာဒုံ နဝမတန်း (A)မှ မမေယဉ်မောင်၏ ဖခင်အမည်မှန်မှာ ဦးချစ်ရုံး ဖြစ်ပါကြောင်း။ **ဦးချစ်ရုံး**

၁၂/ပစတ(နိုင်)၀၁၁၂၅၄။

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်လေး

(ဒုတိယအင်ဂျင်နီယာမှူးကြီး)

အသက်(၅၅)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)၊ ပန်းလှိုင်တံတားတည်ဆောက်ရေးစီမံကိန်းမှ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လေးသည် ၂၆–၁–၂၀၀၅ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ဝန်ကြီးရုံးမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်လေး (ဒုတိယအင်ဂျင်နီယာမှူးကြီး)

အသက်(၅၅)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)၊ ပန်းလှိုင်တံတားတည်ဆောက်ရေးစီမံကိန်းမှ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လေးသည် ၂၆–၁–၂၀၀၅ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၈)
ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်း။

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်လေး (ဒုတိယအင်ဂျင်နီယာမှူးကြီး)

အသက်(၅၅)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)၊ ပန်းလှိုင်တံတားတည်ဆောက်ရေးစီမံကိန်းမှ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လေးသည် ၂၆–၁–၂၀၀၅ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တံတားဦးစီး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)

မသက်ဆိုင်ကြောင်း

ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်နီနီဝင်း ဗဟန(နိုင်) ၀၆၀၃၄၈ သည် ၂၅–၁၂–၂၀၀၄ ရက်တွင် နေအိမ်မှ မိမိသဘောအလျောက် ဆင်းသွားပါ၍ ယနေ့မှစ၍ ကျွန်တော်နှင့် မသက်ဆိုင်တော့ပါကြောင်း။

ဦးအုန်းမြင့်
(၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့။

[illegible]

အမျိုးသားညီလာခံကြီးက ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အဓိကကျပြီး မရှိမဖြစ်လိုအပ် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေး အမျိုးသားညီလာခံကြီးကို ဂုဏ်ပြုကြိုဆို

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား တောင်ကြီးမြို့နယ် ကျောက်တလုံးကြီး၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက်၉နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တောင်ကြီးခရိုင်အတွင်းရှိ တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ညောင်ရွှေ၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ပင်လောင်း၊ ဖယ်ခုံနှင့် ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ *စာမျက်နှာ ၁၀ ကော်လံ ၁* ✻

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပြည်သူများ စုရပ်အသီးသီးမှ စစ်ကြောင်းကြီးများဖြင့် အခမ်းအနားကျင်းပမည့်နေရာသို့ ချီတက်လာကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှုကြောင့် ဖွံ့ဖြိုးမှုလမ်းကြောင်းမှန်ပေါ်ရောက်ရှိနေပြီ အစဉ်အလာကြီးမားသည့် အမျိုးသားစည်းလုံးညီညွတ်မှု ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖော်ဆောင်နိုင်ခဲ့ အမျိုးသားညီလာခံ၏အောင်မြင်မှု ပြည်သူတစ်ရပ်လုံးက လှိုက်လှဲစွာ ကြိုဆိုထောက်ခံလျက်ရှိ

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား အောင်လံမြို့နယ် ကျောက်ဆည်စံပြကျေးရွာ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ကျောက်ဆည်စံပြကျေးရွာ၌ ကျင်းပရာ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေနှင့် အလုပ်အမှုဆောင် ဦးသန်းဆွေ၊ သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ အောင်လံ၊ ကံမ၊ ဆင်ပေါင်ဝဲ၊ မင်းလှ၊ မင်းတုန်းနှင့် သရက်မြို့နယ် ခြောက်မြို့နယ်တို့မှ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ အောင်လံမြို့နယ်အတွင်းရှိ ကျောက်ဆည်၊ မဟာဇင်၊ တောင်မြောင်၊ ထောက်ကြံတိုင်း၊ သံရွာ၊ ပိတောက်ကုန်း၊ အင်းကုန်း၊ ချောင်၊ ကန်နှစ်ဆင့်၊ မိုးကောင်း၊ ဆင်ချည်တိုင်၊ ပြလို့ရွာများမှ ပြည်သူလူထု ၃၅၀၀ တက်ရောက်ကြသည်။ **(အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ❐